# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၂၁)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ၁၂-၇-၂၀၂၄၊ စနေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

နေပြည်တော် ဇူလိုင် ၁၂

သဘာဝ ပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက် ရှိသည်။

### ရတနာတန်းဝင် ကျွန်းပင် ဦးဆောင်စိုက်ပျိုးပေး

ယနေ့တွင် ၂၀၂၄ ခုနှစ်ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊

စာမျက်နှာ ၂၄ သို့ ○

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး ပေးစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၂

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## ယနေ့ ဖတ်စရာအညွှန်း

**လနှင့် စနေဂြိုဟ် တစ်ထပ်တည်းကျလုနီးပါးမြင်ကွင်းကို ဇူလိုင် ၂၄ ရက် ညပိုင်းတွင် ကမ္ဘာပေါ်မှ တွေ့မြင်ကြရမည်**

စာမျက်နှာ ၈

**ရတနာပုံ(မန္တလေး)၏ အကာအရံများမှ အပြင်မြို့ရိုး - တံခါး(၅၇)ရပ် (ဆောင်းပါး)**

စာမျက်နှာ ၁၄

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၃ ရက် ၊ စနေနေ့ ။

## ပညာသင်ယူမှု အခွင့်အလမ်းအပြည့်အဝရရှိစေရေး အလေးထား ဆောင်ရွက်လျက်ရှိ

ကျောင်းများဖွင့်လှစ်ခဲ့သည့် တစ်လကျော်ကာလအတွင်း စာသင်ခန်းများတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားသင်ယူနေကြပြီဖြစ်ကြောင်း၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၇ ဒသမ ၄သန်းခန့် အေးချမ်းစွာ ပညာသင်ယူနိုင်ရေးအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့ဝန်းကျင်တွင်ရှိသည့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိရေး၊ KG+9 အခြေခံပညာအလယ်တန်းအဆင့် ပညာသင်ယူပြီးမြောက်ရေးအတွက်လည်း ဆက်လက်၍ ဝိုင်းဝန်းလက်တွဲကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး ပြည်နယ် ပညာရေးမှူးများကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှ အွန်လိုင်းဖြင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

တက္ကသိုလ်များ၊ ကျောင်းများ၏ ဥပမိရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ ချို့ယွင်းချက်များ ကင်းစင်ရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် မိုးတွင်းကာလဖြစ်၍ စာသင်ဆောင်၊ ကျောင်းဆောင်များနှင့် မလွတ်ကင်းသည့် သစ်ပင်ကြီးများရှိပါက မလွတ်ကင်းသည့် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်း၍ အလင်းဖွင့်ပေးရန်လိုအပ်မည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဆရာ၊ ဆရာမများအနေဖြင့် မိဘမဲ့ကလေးများ၊ ပရဟိတကျောင်းများမှ ကလေးများ ကျောင်းသို့ ရောက်ရှိလာသည့်အခါ စိတ်ဓာတ်ခွန်အားပေး၍ နွေးနွေးထွေးထွေးဖေးမကူညီ စောင့်ရှောက်ပေးကြစေလိုကြောင်း၊ ဆရာ၊ ဆရာမဟူသည် ကျောင်းသား၊ ကျောင်းသူများ၏ ပုံကိုင်ရှင်များဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရန်၊ မိမိယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်စေရန်၊ မိဘ၊ ဆရာနှင့် အသက်ကြီးသူများအပေါ် ဂါရဝတရားရှိစေရန် ဆုံးမပဲ့ပြင် ပေးကြစေလိုကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသော ဆောင်ပုဒ်သည် ပညာရေးဝန်ကြီးဌာနတစ်ခုလုံးအတွက် ကိုယ်စားပြုပါကြောင်း၊ လူငယ်များ၏ ကောင်းသောအသိကို မြင့်တင်ကာ ပညာသတိ၊ ယဉ်ကျေးလိမ္မာအသိရှိအောင် သင်ပြလေ့ကျင့်ပေးကြစေလိုကြောင်း၊ ပညာရေးဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လက်ရှိဆောင်ရွက်နေသည့် ပညာရေးမူဝါဒများ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့် မိမိ၏လုပ်ငန်းတာဝန်များကို သိရှိနားလည်ရန်လိုအပ်ပြီး ပါတီနိုင်ငံရေးကင်းရှင်း၍ နိုင်ငံအတွက်သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ကျောင်း သား၊ ကျောင်းသူတိုင်း ပညာသင်ယူမှု အခွင့်အလမ်းအပြည့်အဝရရှိစေရေး အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆရာ၊ ဆရာမများကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အရည်အသွေးများ တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ ပညာသင်ယူမှု အခွင့်အလမ်းအပြည့်အဝရရှိစေရေး အလေးထားဆောင်ရွက်ပြီး မိမိတို့ သင်ကြားလိုက်သည့် တပည့်ကျောင်းသား၊ ကျောင်းသူများကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအရည်အသွေးများ တိုးတက်မြင့်မားသူများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၁၂**

ချမ်းအေးသာစံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာန အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ (၇၇) နှစ်မြောက် အာဇာနည်နေ့အကြို အသိပညာပေး ဟောပြောပွဲနှင့် အသိပညာပေးနံရံကပ်စာစောင် ပြပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနား၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ညိုညိုတင်က အာဇာနည်နေ့ အကြိုဟောပြောပွဲကျင်းပရခြင်းနှင့် နံရံကပ်စာစောင်ပြသရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးထွန်းထွန်းနိုင်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများအား ဟောပြောခဲ့သည်။

၎င်းနောက် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံများနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီး (၉)ဦး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများ၊ မှတ်တမ်းဓာတ်ပုံများပါဝင်သည့် နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

## မြင်းခြံတက္ကသိုလ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**မြင်းခြံ ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်ကြားပို့ချသည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ယနေ့ နံနက် ၁၀ နာရီက မြင်းခြံတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းချိုက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

“ကျွန်တော်တို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် လုပ်ငန်းမှတ်ပုံတင်ခြင်းအပြင် ပြည်သူများ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ အောင်မြင်စွာ ပြုလုပ်နိုင်ရေးအတွက် အခမဲ့သင်တန်းများ ပို့ချပေးလျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်”ဟု ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ထွန်းက ပြောသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ပန်ကန်းဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ သဘာဝခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာခဲ၊ မျက်နှာသစ် ဆပ်ပြာခဲ၊ ဘက်စုံသုံးဆပ်ပြာဆီ ပြုလုပ်နည်း စသည့် ပြုလုပ်နည်းများကို သင်တန်းသား၊ သင်တန်းသူ ၂၀ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၃၆၆)





## ပန်းခင်း (၃)စီမံချက်ဖြင့် ဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်များ လွှဲပြောင်းပေးအပ်

**ပုသိမ်ကြီး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်း (၃) စီမံချက်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီက အထက ပုသိမ်ကြီးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပုသိမ်ကြီးမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများ၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးမျိုးဇော်ခိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အထက ပုသိမ်ကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပြီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များအား ကျောင်းသား၊ ကျောင်းသူ ၉၇ ဦးထံ ပေးအပ်နိုင်ခဲ့ပြီး “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”ဆောင်ပုဒ်နှင့်အညီ မြို့နယ်အတွင်း ပန်းခင်း (၃)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၅)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက် ရှိသော သတင်းများအား **mdydailynews paper @ gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၁၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

○ စာမျက်နှာ ၂၄ မှ
မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာ တန်းဝင် ကျွန်းပင် ၉၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်း အပင်၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း အကြိမ် ၄၀ ကျင်းပ၍ ရတနာ တန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၈၈၂၅ ပင်အား စိုက်ပျိုးခဲ့ပြီး ဖြစ်သည်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

### တပ်မတော်

### တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၆၂၅၂၀ ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှု ကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စား သုံးသီးနှံပင်၊ အရိပ်ရ လေကာပင် များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၉၀၉၇ ပင်၊ မြောက်ပိုင်းတိုင်းစစ် ဌာနချုပ်၌ ၁၀၉၃၅ ပင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်၌ ၆၂၇၄ ပင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာန ချုပ်၌ အပင် ၁၁၈၁၀၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၌ ၁၃၁၄၃ ပင်၊ အရှေ့ တောင်တိုင်းစစ်ဌာနချုပ်၌ ၁၁၃၁၃ ပင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ ၉၈၄၃ ပင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ ၁၅၂၄၁ ပင်၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်၌ အပင် ၅၄၉၀၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်၌ အပင် ၄၆၄၀၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်၌ ၁၂၆၆၇ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၄၃၁၅ ပင်နှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၅၃၅၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်း စိုက်ပျိုးခဲ့ကြပြီး ယနေ့ တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ အပါ အဝင်တိုင်း စစ်ဌာနချုပ်အသီးသီး နှင့် တပ်ရင်းတပ်ဖွဲ့များ၌ စုစု ပေါင်းသစ်ပင် ၁၆၂၅၂၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။


တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ "မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အစည်းအဝေး" သို့ ပါဝင်တက်ရောက်

နေပြည်တော် ဇူလိုင် ၁၂

ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေး ဝန်ကြီးများ၏ သီးသန့်အစည်းအဝေး တက်ရောက်ရန် နယူးဒေလီမြို့သို့ ရောက်ရှိနေသည့် ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေသည် ဇူလိုင် ၁၁ ရက် ဒေသ စံတော်ချိန် ညနေ ၅ နာရီခွဲတွင် နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ ကျင်းပခဲ့သည့် "မြန်မာ- အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အစည်းအဝေး"သို့ ပါဝင် တက်ရောက်ခဲ့သည်။

"မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံအစည်းအဝေး" သို့ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန်တို့ တက်ရောက်ကြသည်။

"မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အစည်းအဝေး" ၌ ဝန်ကြီးများသည် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက် ခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုအပါအဝင် ကဏ္ဍစုံ၌ အပြန်အလှန် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဘင်းမ်စတက်နှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင် ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အမြန်လမ်း အကောင်အထည်ဖော်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ အပါအဝင် ပေါင်းစည်း ဆက်နွှယ်ချိတ်ဆက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာ- အိန္ဒိယ-ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေး၊ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အကူအညီများပေးအပ်ရေး ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြပြီး တရားမဝင် မူးယစ် ဆေးဝါးနှင့် လက်နက်ရောင်းဝယ် ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက် ဖျက်ရေးတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွား ရေးအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### ရှင်းလင်းပြောကြား

"သုံးနိုင်ငံ အစည်းအဝေး"၌ ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်နေမှုများ နှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေ အနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ သုံးနိုင်ငံအစည်းအဝေးသို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် အိန္ဒိယနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန်တို့ စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်စဉ်။

## (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဦးညွှတ်ဆွဲရန်

နေပြည်တော် ဇူလိုင် ၁၂

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်(သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဦးညွှတ်ဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက် အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာန အဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း ( Black Lists ) တွင် ပါဝင်နေသူများအား ဖြေလျှော့ပေးမည်

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်သည့်အပြင် ကာယကံရှင်များ၏ လူမှုဘဝများလည်း နစ်နာလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများအား ကုစားပေးနိုင်ရန်အလို့ငှာ ၊ ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းခြင်းရာအပေါ်မူတည်၍ အမည်မည်းစာရင်း (Black Lists)မှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့်၁၅-၇-၂၀၂၄ရက်မှစ၍ အဆိုပါဝန်ထမ်းများသည် မိမိတို့ တာဝန်ထမ်းဆောင်ခဲ့သည့် သက်ဆိုင်ရာဌာနများသို့ ပြန်လည်သတင်းပို့ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၅/ ၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၂

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။



### တက်ရောက်

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယခုအချိန်ထိ ဗဟိုအဖွဲ့ အစည်းအဝေး (၅) ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း နည်းဥပဒေ (ပဉ္စမမူကြမ်း)နှင့် ယင်းနည်းဥပဒေ (ပဉ္စမမူကြမ်း)အပေါ် ဥပဒေရေးရာဝန်ကြီးဌာနမှ ပေးပို့သည့် ပြင်ဆင်ချက်နှင့် သဘောထားမှတ်ချက်များကို ဆွေးနွေးနိုင်ရန် ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေ (ပဉ္စမမူကြမ်း)နှင့် စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်သူများက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြရန်နှင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အကြံပြုချက်များ ရှိပါကလည်း အမြန်ပြန်လည်တင်ပြကြရန်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ရေးထုံးများ ထပ်မံစိစစ်ပြီး ပြင်ဆင်ဖြည့်စွက်အကြံပြုချက်များမရှိပါက အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ထိထိရောက်ရောက် ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ထိုသို့ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက မှန်မှန်ကန်ကန်နှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံသားတိုင်းသည် အခြေခံဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန်၊ စစ်မှုထမ်းဆောင်ရန်နှင့် စစ်ပညာသင်ကြားရန် တာဝန်ရှိသည်ကို လမ်းညွှန်မှာကြားထားကြောင်း။

ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁)မှ(၃)အထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီးခဲ့သည့်သင်တန်းများနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် အပြင် အုပ်ချုပ်မှု လျော့နည်းဖြစ်စဉ် အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ပြည်သူ့စစ်မှုထမ်းစာရင်းကောက်ယူရာတွင် ဥပဒေပါ သတ်မှတ်အသက် မပြည့်မီသူနှင့် အသက်ကျော်လွန်သူများ မပါရှိစေရေး၊ ကာယကံရှင် ဆန္ဒမပါဘဲ အတင်းအကြပ် စာရင်းသွင်းခြင်း မရှိစေရေး၊ အစားထိုးပေးပို့မှုများ မရှိစေရေး၊ မြေပြင်တွင်ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေကြသည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက မသမာမှုများမရှိစေရေးတို့အတွက် အလေးထားကြပ်မတ် ဆောင်ရွက်ကြရန်နှင့် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များ တင်ပြမှုနှင့် ပတ်သက်၍လည်း စနစ်တကျ စိစစ်ပြီး သတ်မှတ်ချိန်အတွင်း တင်ပြကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဖွင့်လှစ်ပြီးခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း သုံးခုနှင့်စပ်လျဉ်း၍ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရာတွင် ကြုံတွေ့ခဲ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့် သင်တန်းအမှတ်စဉ်(၄)အတွက် လျာထားချက်ပြည့်မီအောင် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အတွင်းရေးမှူးစစ်ရေးချုပ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲရေးနှင့် စံပြုလုပ်ထုံးလုပ်နည်း ရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ထပ်မံဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်း သင်တန်းများအတွက် Time Frame များ သတ်မှတ်ဖြန့်ဝေပေးထားပြီး ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး လုပ်ငန်းစဉ်များကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရန် Check List များဖြင့် စစ်ဆေးဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အချက်အလက်များကို ရပ်ကွက်/ကျေးရွာ အုပ်စုအဆင့်က မှန်မှန်ကန်ကန် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တိုင်း/ ခရိုင် အဆင့်များကလည်း စနစ်တကျတာဝန်ပေး ကြပ်မတ်ရန်လိုအပ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းရေးသွင်းပြီးမှ အကြောင်းမဲ့ ပျက်ကွက်သူများ၊ ဆေးအောင်ပြီးမှ အကြောင်းမဲ့ ပျက်ကွက်သူများ၊ သင်တန်းကျောင်းသို့ ရောက်ရှိပြီးမှ ခွင့်မဲ့ ပျက်ကွက်သူများ အတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်းအဖြစ် ကိုယ်ပိုင်အမှတ်ရရှိပြီးမှ ခွင့်မဲ့ပျက်ကွက်သူများအတွက် သက်ဆိုင်ရာဥပဒေနှင့် အညီ ဆောင်ရွက်ရန် ဖြစ်ကြောင်း။

### သတ်မှတ်ချိန်အတွင်းတင်ပြ

ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက်မပြည့်သူများ မပါရှိစေရေး အထူးဂရုပြု ဆောင်ရွက်ကြရန် လိုကြောင်း၊ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့် တင်ပြလာမှုများကို ဗဟိုအဖွဲ့သို့ သတ်မှတ်ချိန်အတွင်း တင်ပြမှသာ သင်တန်းကျောင်းသို့ မရောက်မီ အချိန်မီခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း၊ ယခင်ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများ၏ အားနည်းချက်/ အားသာချက်များကို သုံးသပ်ပြီး နောင်ဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်း သင်တန်းများအတွက် သတ်မှတ်လျာထားချက်များအတိုင်းပြည့်မီရေး အလေးထားကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အသိအမှတ်ပြုလွှာ အောင်လက်မှတ်ဆက်ကပ်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝ အား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

၎င်းနောက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၈)သင်တန်းဆင်းပွဲနှင့် အသိအမှတ်ပြုလွှာ အောင်လက်မှတ်ဆက်ကပ်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို အဆိုပါ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ရွှေအင်းဝဗိမာန်တော်တွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် တက်ရောက်လာကြသူများက နမောတဿ ၃ ကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒစရိယ၊ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဇယျဝတီကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တသုဇနာဘိဝံသထံက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ နိုင်ငံတော်သြဝါဒစရိယ၊ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဇယျဝတီကျောင်းဆရာတော်နှင့် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝတို့ထံက သြဝါဒကထာ နာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက သင်တန်းဆင်းပွဲနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သံဃာတော်များထံက ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် အထူးအောင်သံဃာတော် ၆ ပါးထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်ကြပြီးနောက် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော်က သင်တန်း၌ အထူးအောင်သံဃာတော်များနှင့် သင်တန်းဆင်းသံဃာတော်များကို သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်ခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(သုဓမ္မာ)မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသထံက ရေစက်ချ အနုမောဒနာတရားနာယူကြပြီးနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု ၃ ကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ









# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မင်းမန္တလာအားကစားကွင်း၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် မန္တလေးတပ်နယ်အသင်းနှင့် ပြင်ဦးလွင်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့အား တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇွန် ၂၈ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(ဝ၃၈)

ဝ-ဝ-ဝ-ဝ




ပန်းမန်သစ်ပင် လေသန့်စင်၍၊ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးနည်းပညာတက္ကသိုလ် (၁၄)ကြိမ်မြောက် သိပ္ပံနှင့် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲနှင့် (၃)ကြိမ်မြောက် နည်းပညာပြပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁၂**






မန္တလေး နည်းပညာတက္ကသိုလ် (၁၄)ကြိမ်မြောက် သိပ္ပံနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲနှင့် (၃) ကြိမ်မြောက် နည်းပညာပြပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ အဆိုပါတက္ကသိုလ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ စာတမ်းဖတ်ကြားသည့် စာတမ်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လုပ်ငန်းနယ်ပယ်တိုင်းတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနများကို စဉ်ဆက်မပြတ်ပြုလုပ်နေခြင်းဖြင့် အခက်အခဲများနှင့် ပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုလိုစာတမ်းဖတ်ပွဲများနှင့် နည်းပညာပြပွဲများ ကျင်းပနိုင်ခြင်းအတွက် အသိဉာဏ်ပညာကြွယ်ဝမှု၊ အတတ်ပညာပြည့်စုံမှုနှင့် ကျွမ်းကျင်မှုရရှိရေးမှသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဆိုတာကို အကောင်အထည်ဖော်နိုင်သည့် ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ နည်းပညာကဏ္ဍဖြင့် တက္ကသိုလ်တစ်ခုနှင့် တစ်ခုအကြား စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ခင်မှုတို့ကို ပြသနေခြင်းဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲများ၊ ပြပွဲများ ကျင်းပနေခြင်းသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မပြတ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အခြားတက္ကသိုလ်များ၊ သုတေသနစင်တာများနှင့် သုတေသနဌာနများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် ပြည်သူလူထုတို့နှင့် သုတေသနလုပ်ငန်းများ တိုးတက်လာစေရန်နှင့် နည်းပညာရပ်များ ပေါ်ပေါက်လာစေရန် ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်တစ်စိုက် ပြုလုပ်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးနည်းပညာတက္ကသိုလ် (၁၄)ကြိမ်မြောက် သိပ္ပံနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲနှင့် (၃)ကြိမ်မြောက် နည်းပညာပြပွဲ ပြခန်းများနှင့် စာတမ်းဖတ်ကြားသည့် အခန်းများသို့ လှည့်လည်ကြည့်ရှုကာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးခဲ့သည်။

ယခု သုတေသနစာတမ်းဖတ်ပွဲနှင့် နည်းပညာပြပွဲကို ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု သုတေသနလုပ်ငန်းများ ရှင်သန်တိုးတက်များပြားလာစေရန်၊ အသေးစား၊ အလတ်စားစက်မှုထုတ်ကုန်လုပ်ငန်းများ၏ နည်းပညာဆိုင်ရာလိုအပ်ချက်များအပေါ် ကူညီဖြည့်ဆည်းပေးနိုင်ရန်၊ သိပ္ပံအင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာလူ့စွမ်းအားများ ဖြစ်ထွန်းပေါ် ပေါက်လာစေရေးအတွက် အထောက်အကူပြုစေရန်၊ တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် စက်မှုထုတ်ကုန်ထုတ်လုပ်သူများအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်လာနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး စာတမ်းဖတ်ပွဲတွင် ဘာသာရပ် ၉ ခုမှစာတမ်းအရေအတွက် ၅၀ စောင်ဖတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် အခြားနည်းပညာတက္ကသိုလ်များမှ တင်သွင်းလာသည့် စာတမ်းများလည်း ပါဝင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀









# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး တရုတ်ကောင်စစ်ဝန်ချုပ် Mr.Chen Chen အားနှုတ်ဆက် ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Chen Chen အား နှုတ်ဆက်ဂုဏ်ပြုဧည့်ခံပွဲအခမ်းအနားကို ဇူလိုင် ၁၁ရက် ညပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး ဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်း Video Clip အား ပြသ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

၎င်းနောက် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Chen Chen က တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံနယ်ပယ်များအလိုက် လုပ်ငန်းများဆောင်ရွက်ခဲ့မှုများနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်ကာ တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ကြာရှည်ပါစေကြောင်း နှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး၊ သံတမန်ဆက်ဆံရေးကောင်းမွန်စွာဖြင့်ကဏ္ဍ ပေါင်းစုံပူးပေါင်းဆောင်ရွက်ခဲ့မှု နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အေးချမ်းသာယာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုနှုတ်ဆက်စကားကိုလည်းကောင်း ပြောကြားပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်းနှင့် နှုတ်ဆက်ဂုဏ်ပြုဧည့်ခံ ညစာစားပွဲကို တက်ရောက်လာသူများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀











- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

သတင်း-စာမျက်နှာ ၆






# အမေရိကရောက် ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန် သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်ထံ သွားရောက်တွေ့ဆုံ



**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကရောက် ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်သည် ဇူလိုင် ၁၂ ရက်က သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်ထံသို့ သွားရောက်တွေ့ဆုံခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

''ဒီနေ့ မာရာလာဂိုစံအိမ်မှာ ရှိတဲ့ သမ္မတဒေါ်နယ်လ်ထရမ့်ထံ သွားရောက်လည်ပတ်ခွင့်ရတာ ဂုဏ်ယူစရာပါပဲ။ ငြိမ်းချမ်းရေးရနိုင်မယ့် နည်းလမ်းတွေအကြောင်း ဆွေးနွေးခဲ့ကြတယ်။ သူ ဖြေရှင်းပေးမယ်တဲ့။ ဒါဟာ ဒီနေ့အတွက် သတင်းကောင်းပေါ့''ဟု အော်ဘန်က ၎င်း၏ အိတ်ခ်ျစ်လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားလွှင့်တင်ခဲ့သည်။

ဒေါ်နယ်လ်ထရမ့် နောက်တစ်ကြိမ် သမ္မတဖြစ်လာလျှင် ယူကရိန်းအရေး ငြိမ်းချမ်းစွာ အဆုံးသတ်နိုင်လိမ့်မည်ဟု အော်ဘန်က မျှော်လင့်ထားသည်။ မိမိလည်း ဝန်ကြီးချုပ်နှင့် တစ်သဘောတည်းသာဖြစ်သည်ဟု ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး ပီတာဆီဂျာက ထုတ်ဖော်ပြောကြားသည်။

ဝန်ကြီးချုပ် ဗစ်တာအော်ဘန်သည် နေတိုးထိပ်သီးဆွေးနွေးပွဲမတိုင်မီ ရုရှားနိုင်ငံသို့ ဝင်ရောက်ကာ သမ္မတ ဗလာဒီမာပူတင်နှင့် ကနဦး တွေ့ဆုံရာတွင်လည်း ယူကရိန်းအရေး ငြိမ်းချမ်းစွာ အဆုံးသတ်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



# နေတိုးထိပ်သီးဆွေးနွေးပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲမစတင်မီ ဘိုင်ဒင်က သမ္မတပူတင်နှင့် ဇေလင်စကီး မှားယွင်းခဲ့

**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်၌ လက်ခံကျင်းပသော နေတိုးထိပ်သီးဆွေးနွေးပွဲနှင့်ပတ်သက်၍ ဇူလိုင် ၁၁ ရက်က သတင်းစာရှင်းလင်းပွဲ မစတင်မီ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ရုရှားသမ္မတဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတ ဇေလင်စကီး မှားယွင်းပြီး မိတ်ဆက်ခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အသက် ၈၁ နှစ်အရွယ် သမ္မတဂျိုးဘိုင်ဒင်က ယူကရိန်းသမ္မတ ဇေလင်စကီးကို ဘေးတွင်ထားကာ လူထုပရိသတ်ရှေ့တွင် ထိုသို့ သတိလက်လွတ်မှားယွင်း မိတ်ဆက်ပေးခဲ့မိခြင်းဖြစ်သည်။ အစည်းအဝေးခန်းမထဲရှိ ပရိသတ်များ ဟာခနဲဖြစ်သွားစဉ် ဇေလင်စကီးက ရယ်မောပြီး ပွဲကို ပြန်ထိန်းပေးခဲ့သည်။

ထို့နောက် ကိုယ်ရေးအရာရှိများက သမ္မတ ဂျိုးဘိုင်ဒင်၏ အခြေအနေကို ကြည့်ကာ ၎င်းသတိပြန်ကပ်ညှိချိန်ရောက်မှ တစ်နာရီခန့်နောက်ကျပြီး သတင်းစာရှင်းလင်းပွဲကို စတင်စေခဲ့သည်။

ဒီမိုကရက်ပါတီ ကိုယ်စားပြုအောက်လွှတ်တော်အမတ် ၁၄ ဦးက ဂျိုးဘိုင်ဒင်ကို သမ္မတရွေးကောက်ပွဲ ဆက်လက်မယှဉ်ပြိုင်တော့ဘဲ နုတ်ထွက်ပေးရန် ပန်ကြားခဲ့သည့်တိုင် ငြင်းဆန်ခဲ့ပြီးနောက် ၎င်းသတိလွတ်မှု ထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# အမေရိကန် ဒေါ်လာဈေးနှုန်း ပြန်လည်ဦးမော့လာရာမှ ကမ္ဘာ့ရွှေဈေး တဖြည်းဖြည်း ကျရိပ်သန်းလျက်ရှိ

**ဝါရှင်တန် ဇူလိုင် ၁၂**

ဇူလိုင်လ ဒုတိယပတ်နှောင်းပိုင်းတွင် အမေရိကန်ဒေါ်လာဈေးနှုန်း ပြန်လည်ဦးမော့လာရာမှ ကမ္ဘာ့ရွှေဈေး တဖြည်းဖြည်း ကျရိပ်သန်းလျက်ရှိကြောင်း ဘလွန်းဘတ်သတင်းဌာနက ဖော်ပြသည်။

သုံးလဆက်တိုက် အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ချိန်တွင် ရွှေဝယ်ယူသူ များပြားလာရာမှ ဝယ်လိုအားကြောင့် ရွှေဈေးအမြင့်ဆုံးဖြစ်သော စံချိန်နှိုးရောက်ရှိလာခဲ့သည်။

လာမည့် စက်တင်ဘာလတွင် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်း လျှော့ချမည်ဖြစ်သဖြင့် ရွှေဈေးနှုန်းသည် အကျဘက်တွင် ဆက်လက်တန့်နေဖွယ်ရှိကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



# ဒရုန်းငယ်တစ်စင်းလျှင် တစ်ဒေါ်လာခွဲသာ အကုန်ခံပြီး ပစ်ချနိုင်မည့် လေဆာလက်နက် ထုတ်လုပ်နေပြီ

**ဆိုးလ် ဇူလိုင် ၁၂**

ဒရုန်းငယ်တစ်စင်းလျှင် တစ်ဒေါ်လာခွဲသာ အကုန်ခံပြီး ပစ်ချနိုင်မည့် လေဆာလက်နက်တစ်မျိုး ထုတ်လုပ်နေပြီဟု တောင်ကိုရီးယားကာကွယ်ရေး ထုတ်ကုန်အစီအစဉ် စီမံခန့်ခွဲရေးအဖွဲ့က ဇူလိုင် ၁၁ ရက်တွင် အတည်ပြုကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အလျား ၉ မီတာ၊ အနံ ၃ မီတာ၊ အမြင့် ၃ မီတာ အရွယ်အစားရှိသော ထိုလက်နက်တွင် ကျည်ထည့်စရာမလိုဘဲ လျှပ်စစ်ဓာတ်အားရရှိမှုနှင့်ပင် သုံးနိုင်မည်ဟု ဆိုသည်။

ပစ်ခတ်သံလည်း မကြားရ၊ အလင်းတန်းလည်း မမြင်ရဘဲ ပစ်မှတ်ထားတိုက်ခိုက်မည့် ဒရုန်းငယ်များကို ယင်းလေဆာလက်နက်က မလွတ်တမ်းဖျက်ချနိုင်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဧပြီလကတည်းက ၎င်း၏ ထိရောက်မှုကို လက်တွေ့စမ်းသပ်ခဲ့ရာ အပြည့်အဝအောင်မြင်ခဲ့ကြောင်း သိရသည်။

**Mon**



# စင်ကာပူနိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းမွန် ဒုတိယသုံးလအတွင်း ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်

**စင်ကာပူ ဇူလိုင် ၁၂**

ယခုနှစ် စင်ကာပူနိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းမွန်လျက်ရှိရာ ဒုတိယသုံးလအတွင်း ယမန်နှစ်ကထက် ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု အစိုးရကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက အတည်ပြုကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပထမသုံးလအတွင်း ၃ ရာခိုင်နှုန်းအထိ စီးပွားရေးတိုးတက်ခဲ့ပြီး ဒုတိယသုံးလတွင်မူ တိုးတက်မှုအနည်းငယ်နှေးကွေးသွားခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနက နှိုင်းယှဉ်ဖော်ပြသည်။

ယခုနှစ်အတွင်း အထူးသဖြင့် အိမ်ရာဆောက်လုပ်ရေးကဏ္ဍတွင် သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း သိရသည်။

**Mon**





# လနှင့်စနေဂြိုဟ် တစ်ထပ်တည်းကျလုနီးပါးမြင်ကွင်းကို ဇူလိုင် ၂၄ ရက် ညပိုင်းတွင် ကမ္ဘာပေါ်မှ တွေ့မြင်ကြရမည်

**စင်ကာပူ ဇူလိုင် ၁၂**

လနှင့် စနေဂြိုဟ် တစ်ထပ်တည်းကျလုနီးပါးမြင်ကွင်းကို လာမည့် ဇူလိုင် ၂၄ ရက် ညပိုင်းတွင် ကမ္ဘာပေါ်မှ တွေ့မြင်ကြရမည်ဖြစ်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

လက ကမ္ဘာကိုပတ်နေသော လမ်းကြောင်းနှင့် စနေဂြိုဟ်က နေကို ပတ်နေသော လမ်းကြောင်းနှစ်ခု ပြိုင်မနေကြသော်လည်း ၎င်းတို့ ရွေ့လျားလာသော ဦးတည်ဘက်လားရာကွဲပြားရာမှ တစ်နေရာတွင် ဆုံမိသလို တွေ့မြင်ကြရခြင်းဖြစ်ကြောင်း နာဆာအဖွဲ့က ရှင်းလင်းဖော်ပြထားသည်။

ဇူလိုင် ၂၄ ရက် စင်ကာပူဒေသစံတော်ချိန် ည ၁၁ နာရီခွဲတွင် လနှင့် စနေဂြိုဟ် နီးကပ်လာကြသည်ကို တွေ့မြင်ရမည်။

ထို့နောက် ဇူလိုင် ၂၅ ရက် နံနက် အရုဏ်တက် ၄ နာရီ ၃၁ မိနစ်အချိန်တွင် ၎င်းတို့ ပူးသွားလုနီးပါး အနီးဆုံးအထိ ချဉ်းကပ်ရောက်ရှိလာသည်ကို ဆက်လက်တွေ့မြင်နိုင်မည်ဟု စင်ကာပူသိပ္ပံနက္ခတ်တာရာကြည့် စခန်းက ထုတ်ပြန်ကြေညာသည်။

**Mon**

၀-၀-၀-၀-၀

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**လွိုင်လင် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ အ·ထ·က(၃) ကျောင်းတွင် ဌာနဆိုင်ရာများ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။



ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်လှိုင်းဝေက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကိုလည်းကောင်း၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက တိုင်းရင်းဆေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းကိုလည်းကောင်း၊ ခရိုင်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိက ကလေးအလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြီးတန်းစာရေးက လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ၁၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကွန်ဟိန်း ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ် အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲခန့်က မိတ္ထီလာ-တောင်ကြီး-ကွန်ဟိန်း-ကျိုင်းတုံ ပြည်ထောင်စုလမ်းမပေါ်ရှိ ကွန်ဟိန်းလမ်းတံတားဂိတ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **(အပေါ်ပုံ)**

လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဦး၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးနိုင်ဝင်းမင်း၊ လမ်းအထူးအဖွဲ့(၄)မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်ဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်သက်ဦး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ယာဉ်ထိန်းရဲ တပ်ကြပ် ပြည့်ဖြိုးသူနှင့် တာဝန်ရှိသူများက ကွန်ဟိန်းတံတားဂိတ်ပေါ်တွင် ဖြတ်သန်းသွားလာသော ပြည်သူများနှင့် မော်တော်ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကျိုင်းတုံမြို့နယ်တွင် အိုက်စ် (မက်သ်အဖက်တမင်း) ၆၀၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက် ညနေ ၆ နာရီခွဲက ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်း-ကျိုင်းတုံသွားကားလမ်း၊ ကျိုင်းဖောင်းရွာအနီးတွင် မိုင်းပျဉ်းဘက်မှ ကျိုင်းတုံဘက်သို့ စိုင်းလင်းဦး မောင်းနှင်လာသည့် NISSAN ၁၂ ဘီးယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ပြောင်းအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာ သော အိုက်စ်(မက်သ်အဖက် တမင်း) ၆၀၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များအား မိုင်းပျဉ်းမြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Htwe Ko Ko" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မင်းကုန်းရပ်ကွက်နေ ထွေးကိုအား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ "အရိပ်မဲ့သစ်ပင်"၊ "@cherry. lin624"၊ "lapyae8241" TikTok အကောင့်များပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ တင်တင်အောင်အား ညနေ ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း (၁၅ ဒသမ ၆၁၆၈)တန်၊ သစ်မာ (၃ ဒသမ ၂၃၇၄)တန်၊ အခြား (၇ ဒသမ ၁၃၉၄)တန်၊ စုစုပေါင်း (၂၅ ဒသမ ၉၉၃၆)တန်၊ ယာဉ်၊ ယန္တရားတစ်စီး၊ တရားခံလေးဦး ဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ကျွန်တော်နှင့် ・ ・ ・ မြစ်ရေကြီးမှုများအတွက် ကာကွယ်ခြင်း

**DE ဦးသန်းမြင့်ရေ...**

ယခု ကျွန်တော်တို့ ဧရာဝတီမြစ်နံဘေးမှာနှင့် ချင်းတွင်းမြစ်နံဘေးမှာရှိတဲ့ မြို့ကြီးတွေက (၁) မြစ်ကြီးနားမြို့၊ (၂) ဗန်းမော်မြို့၊ (၃) ရွှေကူမြို့၊ (၄) ကသာမြို့၊ (၅) သပိတ်ကျင်းမြို့၊ (၆) မန္တလေးမြို့၊ (၇) စစ်ကိုင်းမြို့၊ (၈) မြင်းမူမြို့၊ (၉) ပခုက္ကူမြို့၊ (၁၀) ညောင်ဦးမြို့၊ (၁၁) ချောက်မြို့၊ (၁၂) မင်းဘူးမြို့၊ (၁၃) မကွေးမြို့၊ (၁၄) အောင်လံမြို့၊ (၁၅) ပြည်မြို့၊ (၁၆) ဆိပ်သာမြို့၊ (၁၇) ဟင်္သာတမြို့၊ (၁၈) ဇလွန်မြို့၊ ချင်းတွင်းမြစ်ဝှမ်းမှာ (၁) ခန္တီးမြို့၊ (၂) ဟုမ္မလင်းမြို့၊ (၃) ဖောင်းပြင်မြို့၊ (၄) မော်လိုက်မြို့၊ (၅) ကလေးဝမြို့၊ (၆) မင်းကင်းမြို့၊ (၇) ကနီမြို့၊ (၈) မုံရွာမြို့၊ (၉) ရေစကြိုမြို့တွေက မြစ်ရေကြီးတဲ့ ပြဿနာတွေ ရင်ဆိုင်နေရပါတယ်။ ဒီလို (disaster)ဖြစ်တဲ့ မြစ်ရေကြီးတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ (disaster management) အစီစဉ်အရဆိုရင် နံပါတ်(၁) မြစ်ရေဘာလို့ကြီးသလဲဆိုတာက စရပါမယ်။ မြစ်ရေကြီးစေတဲ့အချက်တွေကို ကျွန်တော် စဉ်းစားမိတာကတော့ အချက်(၁၄)ချက်လောက်ရပါတယ် ခင်ဗျာ။

(၁) သစ်တောတွေ၊ မြစ်အဖျားပိုင်းမှာရှိတဲ့ သစ်တောတွေက အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးလို့။

(၂) ရွှေတူးတာတွေ၊ သတ္တုတူးတာတွေ၊ ကျောက်မျက်တူးတာတွေရဲ့ (Open pit)တွေ၊ (Open cut) တွေနဲ့ တူးတဲ့အတွက်ကြောင့် ဒီမြေဆီလွှာတွေက မြစ်ထဲကို အများကြီးပါလာတဲ့အတွက်ကြောင့် မြစ်ကြမ်းခင်းတွေ မြင့်တက်လာပြီးတော့ မြစ်ရေကြီးတာတွေ ဖြစ်နိုင်ပါတယ် ခင်ဗျာ။

(၃) မြစ်အနားမှာရှိတဲ့ အင်းတွေ (water retention pond ) တွေပျောက်ကုန်လို့ ဥပမာ မြို့အနီးမှာရှိတဲ့ အင်းတွေကို စက်မှုဇုန်လုပ်လို့၊ မြို့တွေ၊ ရွာတွေတိုးချဲ့လို့ ၊ ဒါကြောင့်မို့လို့ ရေတွေကြီးလာလို့ရှိရင် မြစ်ရေတွေ လျှံလို့ရှိရင် (High Flood) ဖြစ်လာရင် လက်ခံမယ့် (retention pond) တွေ ပျောက်ကုန်လို့။

(၄) မြစ်ကြမ်းခင်း မြင့်တက်လာလို့။

(၅) မြို့အထက်ဒေသတွေမှာ (Heavy Rain) ရွာသွန်းလို့၊ မြို့ရဲ့ (Up stream) ဒေသတွေ (Heavy Rain) ရွာသွန်းလို့။

(၆) မြို့အထက်မှာရှိတဲ့ မြစ်လက်တက်တွေမှာ ရေကြီးလို့။ ဥပမာ မန္တလေးမြို့မှာဆိုလို့ရှိရင် မန္တလေးမြို့ရဲ့အထက်မှာဖြစ်တဲ့ ရွှေလီမြစ်၊ မဲဇာမြစ်၊ ကောက်ကွေ့ချောင်း၊ တာပိန်မြစ်၊ မေခ၊ မလိခ ဒါတွေမှာ ရေကြီးလို့ပေါ့ ခင်ဗျာ။

(၇) မြို့ရဲ့အောက်မှာ ရှိတဲ့ မြစ်လက်တက်တွေ၊ မြစ်မတွေမှာ ရေတောင့်ခံလို့။ ဥပမာ မန္တလေးရဲ့ အောက်မှာ ဆိုလို့ရှိရင် ဒုဋ္ဌဝတီမြစ်ရေ တောင့်ခံလို့၊ မူးမြစ်ရေတောင့်ခံလို့၊ ချင်းတွင်းမြစ်ရေတောင့်ခံလို့ ဒါကြောင့်မို့လို့ မန္တလေးမြို့မှာ ရေကြီးနိုင်ပါတယ်။ နောက်တစ်ခါ မြစ်သာမြစ်က ရေတွေက ကလေးဝထဲကို စီးဝင်တဲ့နေရာမှာ ကလေးဝမြို့မှာ ချင်းတွင်းမြစ်ရေမြင့်နေလို့ ကလေးမြို့မှာ ရေကြီးနိုင်ပါတယ်။

(၈) ပင်လယ်နားနီးတဲ့ဒေသတွေမှာ ပင်လယ်ဒီရေတောင့်ခံနေလို့၊ လပြည့် လကွယ်ရက်တွေမှာ ပင်လယ်ဒီရေတက်တဲ့အချိန်မှာ မြစ်အတွင်းက ရေက ပင်လယ်ထဲကို မစီးဆင်းနိုင်ဘဲနဲ့ တောင့်ခံနေတာမျိုးတွေ ရှိနိုင်ပါတယ် ခင်ဗျာ။

(၉) မြို့အထက်မှာ မြို့ရဲ့ Up stream မှာရှိတဲ့ ဆည်ကြီး၊ တမံကြီးတွေက ရေလွှတ်လို့ ဒါကြောင့်လည်း ရေကြီးနိုင်ပါတယ် ခင်ဗျာ။

(၁၀) မြို့အထက်မှာ ရှိတဲ့ရေကန်တွေ၊ အင်းတွေ၊ အိုင်တွေ၊ ဆည်တမံတွေမှာ deposit များလာပြီးတော့ ရေမလှောင်နိုင်တော့ပါဘူး ခင်ဗျာ။ ဥပမာ ကလေးမြို့ရဲ့အထက်မှာရှိတဲ့ ရာဇဂြိုလ်ဆည်ကြီးဟာ နုန်းတွေ ဝင်လာပြီးတော့ ရေတွေ မလှောင်နိုင်တဲ့အတွက်ကြောင့် မိုးရေတွေက မြစ်သာမြစ်ထဲကို တောက်လျှောက်ဝင်တဲ့ ပြဿနာမျိုးပါ ခင်ဗျာ။

(၁၁) မိုးရွာရင် မြေမျက်နှာပြင်ပေါ်မှာစီးဆင်းလာတဲ့ ရေတွေကို မြေဆီလွှာထဲက အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ရမှာပဲ ဖြစ်ပါတယ်။ စုပ်ထုတ်နိုင်ရမှာပဲ ဖြစ်ပါတယ် ခင်ဗျာ။ အဲလို မထိန်းသိမ်းနိုင်တဲ့ အခါမှာဆိုလိုတာကတော့ မြို့တွေမှာ ကွန်ကရစ်တွေ များလာလို့ ရှိရင် မြေဆီလွှာတွေက မထိန်းသိမ်းနိုင်တဲ့အခါမှာ မိုးရွာလိုက်တဲ့ ရေတွေဟာ မြစ်တွေ၊ ချောင်းတွေထဲကို အမြန်စီးဝင်လို့ ဒါတွေဟာ မြစ်ရေကြီးတဲ့ အချက်တွေပါ။

(၁၂) မြို့ကြီးတွေမှာ မြေအောက်ရေကို လိုအပ်တာထက် ပိုပြီးတော့ ထုတ်ယူမိလို့၊ မြို့ရဲ့ မြေမျက်နှာပြင်ဟာ နိမ့်ကျမှုတွေဖြစ်ပြီးတော့ မြို့တွေရဲ့ ကမ်းနားလမ်းပိုင်းတွေဟာ နိမ့်ကျလာပါတယ်။ ဒါကြောင့်မို့လို့ ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်ရပါတယ်။ ဥပမာ ဘန်ကောက်မြို့၊ အီတလီနိုင်ငံမှာရှိတဲ့ ဗင်းနစ်မြို့။

(၁၃) ယခုအချိန်မှာ ကမ္ဘာကြီးဟာ ( Global Warming) ဖြစ်စဉ်တွေ ဖြစ်ပေါ်နေပါတယ်။ ကမ္ဘာကြီးပူနွေးလာတာနှင့်အမျှ ရာသီဥတုကလည်း ပြောင်းလဲလာပါတယ်။ ဆိုလိုတာက အချိန်တိုတွင်းမှာ ( Heavy Rain) တွေ ရွာသွန်းတာတွေ၊ နှစ်ရက်၊ သုံးရက်ဆက်ပြီးတော့ (Heavy Rain) ရွာသွန်းတာတွေကလည်း မြစ်ရေကြီးခြင်းကို ဖြစ်ပေါ်စေပါတယ်။

(၁၄) လူတွေရဲ့ ပရောဂကြောင့် မြစ်တွေ၊ ချောင်းတွေရဲ့ ကန့်လန့်ဖြတ်ဧရိယာ (Cross Section Area) ကို ကျဉ်းမြောင်းစေခြင်းဟာလည်း မြစ်ရေကြီးမှုကို တစ်စိတ်တစ်ပိုင်း ဖြစ်စေပါတယ် ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ...**

ပထမပိုဒ်မှာပါတဲ့ အချက်အလက်တွေက မြစ်ရေဘာလို့ကြီးသလဲဆိုတာကို တင်ပြခြင်းဖြစ်ပါတယ်။ မြစ်ရေကြီးခြင်း ဖြစ်ပေါ်စေတဲ့အချက်အလက်တွေကို ရေးထားတာပါ ခင်ဗျာ။ ယခုကတော့ ကျွန်တော်တို့ ကာကွယ်ခြင်း(prevention)စနစ်တွေကို ကျွန်တော်က တင်ပြပါမယ် ခင်ဗျာ။

(၁) မြစ်ရေကြီးခြင်း ကာကွယ်ဖို့က မြစ်ဘေးနားမှာရှိတဲ့ မြို့တွေက မြစ်ရေကြီးပါတယ်။ မြစ်ဝှမ်းမှာရှိနေတဲ့ မြို့တွေက မြစ်ရေကြီးပါတယ်။ အဲဒီမြစ်ဝှမ်းမှာရှိနေတဲ့ မြို့တွေရဲ့ အလျားကို ကာမိတဲ့၊ လုံလောက်တဲ့ မြစ်ရေကာတဲ့ တာရိုးတွေ ရှိရပါမယ်။ အဲတာရိုးက လုံလောက်တဲ့ အမြင့်ရှိရမယ်။ အဲတာရိုးက လုံလောက်တဲ့ အကျယ်ရှိရမယ်။ လုံလောက်တဲ့ Compaction လည်း ရှိရပါမယ်။

(၂) မြို့တွင်းမှ ရေဆိုးထုတ်ရေတံခါးဟာ မြစ်ရေကြီးလာတဲ့ အခါမှာ မြစ်ရေတွေက မြို့ထက်မြင့်ပြီးတော့ (back) ပြန်မဝင်အောင် စီစဉ်ပေးရပါမယ်။

(၃) သဘာဝချောင်း၊ မြောင်းများမှ မြစ်ရေ မဝင်စေရန် စီစဉ်ပေးထားရပါမယ်။ ဥပမာ မန္တလေးမြို့ဆိုရင် မိုးကောင်းချောင်းကနေပြီးတော့ ပြန်ဝင်တာမျိုးတို့၊ ရွှေတချောင်းမြောင်းက ပြန်ဝင်တာမျိုးတို့ ရှိနိုင်ပါတယ်။

(၄) မြို့အနီးအနားမှာ မြစ်ရေဝင်လက်ခံနိုင်သော အင်းများ မပျက်စီးစေရန် ဆောက်ရွက်ရပါမယ်။ မြစ်ရေကြီးချိန်မှာ (water retention pond) တွေ ပျက်စီးနေလို့၊ အဲဒီထဲကို ရေတွေ မဝင်နိုင်ဘဲနဲ့ မြစ်ကြောင်းတစ်လျှောက် ရေတွေဟာ မြစ်ဝှမ်းတွေမှာ ရေလွှမ်းမိုးခြင်းတွေ ဖြစ်စေတယ်လို့ တင်ပြလိုခြင်း ဖြစ်ပါတယ်ခင်ဗျာ။ အဲဒီအချက်များကို ဆောင်ရွက်နိုင်ခဲ့ရင် မြစ်ဝှမ်းဒေသမှာရှိတဲ့ မြို့ကြီးများကို ရေလွှမ်းမိုးမှု ဘေးဒဏ်မှ ကာကွယ်နိုင်ပါမည်ဟု ယုံကြည်မိပါတယ် ခင်ဗျာ။

**ရွှေဇင်**

## ရေးဦးပြုစုခြင်း အခြေခံနှင့် မွမ်းမံသင်တန်းဆင်းပွဲကျင်းပ၊ ဆေးအိတ်များ ပေးအပ်

**ပြင်ဦးလွင် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်)တို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံနှင့် မွမ်းမံသင်တန်း (၁၉-၂၀/၂၀၂၄) သင်တန်းဆင်းပွဲကို ဇူလိုင် ၁၀ ရက် ညနေ ၃ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)တွင် ကျင်းပရာ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်အား အလေးပြုတန်းအပ်ပုံစံဖြင့် ကြိုဆိုပြီးသင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးအောင်သင်းက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်က အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)သို့ ဆေးအိတ်များ ပေးအပ်ခဲ့သည်။



အခမ်းအနားသို့ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်ကြက်ခြေနီ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်ဆေးရုံအုပ်ကြီး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ နည်းပြများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ) (၀၄၅)

## ပန်းချီဆရာ နေမျိုး၏ " BUFFALO " "ကျွဲ"အမည်ရ တစ်ကိုယ်တော် ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

ပန်းချီဆရာ နေမျိုး၏ " BUFFALO " "ကျွဲ"အမည်ရ တစ်ကိုယ်တော်ပန်းချီပြပွဲ "Solo Art. Exhibition " ကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင် ပန်းချီပြခန်း(Mandalay Hill Art Gallery)တွင် ခင်းကျင်းပြသသည်။

အခမ်းအနားတွင် ပန်းချီဆရာ ပြင်ဦးလွင်မြင့်ထွန်းနှင့် ထွန်းလွင်သွယ်တို့က မုဒိတာစကားပြောကြား၍ ဆရာနေမျိုးက ကျေးဇူးတင်စကားပြောကြားပြီး ပန်းချီပြပွဲတွင် ပြသထားသော ပန်းချီကားများအကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆရာနေညိုအောင်နှင့် ဆရာမင်းနဒီခတို့က ကဗျာရွတ်ဆိုဂုဏ်ပြုကြသည်။ ဖွင့်ပွဲသို့ ပန်းချီဆရာများ၊ စာရေးဆရာများ၊ ကဗျာဆရာများ တက်ရောက်ကြသည်။ ပြပွဲတွင် အသစ်ရေးဆွဲထားသော ပန်းချီကား ၇၇ ကား ပြသထားပြီး ပန်းချီကားအမျိုးအစားများမှာ ရေဆေးနှင့် အခရိုင်လစ် ဖြစ်သည်ဟု သိရသည်။

ပြပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ ၃ ရက်တာ ပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (၀၅၀)

# နိုင်ငံတကာ အားကစား သတင်းများ

## ဘာလော့တယ်လီအား ခေါ်ယူရန် ကိုရင်သီယန်အသင်း စိစစ်

**လန်ဒန် ဇူလိုင် ၁၂**

ဘရာဇီးကလပ် ကိုရင်သီယန်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူး ဘာလော့တယ်လီအား ခေါ်ယူရန် စိစစ်လျက်ရှိသည်။

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမား ဘဝတစ်လျှောက်တွင် အင်တာမီလန်၊ မန်ချက်စတာစီးတီး၊ အေစီမီလန်၊ လီဗာပူး စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားခဲ့ဖူးပြီး အောင်မြင်မှုများလည်း ရယူထားနိုင်ခဲ့သည်။



တိုက်စစ်မှူးဘာလော့တယ်လီကလည်း ကိုရင်သီယန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ကိုရင်သီယန်အသင်းအနေဖြင့် တိုက်စစ်မှူး ဘာလော့တယ်လီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)**(NGB)

## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Jasmine Paolini တက်ရောက်

**လန်ဒန် ဇူလိုင် ၁၂**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အီတလီတင်းနစ်မယ် Jasmine Paolini တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်မယ် Jasmine Paolini သည် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် Donna Vekic အား ၂-၆၊ ၆-၄၊ ၇-၆ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Wimbledon



တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်မယ် Jasmine Paolini နှင့် ချက်တင်းနစ်မယ် Barbora Krejcikovaတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ဝဲပုံ)**(NGB)




## ဗန်ဒီဘိခ်အား ဂျီရိုနာအသင်း လေးနှစ်စာချုပ်ဖြင့်ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၁၂**

စပိန်လာလီဂါကလပ် ဂျီရိုနာအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်အား လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ချက်စတာယူနိုက်တက်အသင်းမှ ဖရန့်ဖတ်အသင်းသို့ အငှားသွားရောက်ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျီရိုနာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂျီရိုနာအသင်းထုတ်ပြန်ချက်တွင် ဗန်ဒီဘိခ်အား ခေါ်ယူခဲ့ပါပြီ။ သူအနေနဲ့လည်း အသင်းကို အောင်မြင်မှုများစွာ ရရှိအောင် အစွမ်းကုန်ကြိုးစားသွားပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)**
(NGB)

## နည်းပြ ဒေးရှမ့် ပြင်သစ်လက်ရွေးစင်အသင်းတွင် ဆက်ရှိသွားမည်

**ပါရီ ဇူလိုင် ၁၂**

ပြင်သစ်လက်ရွေးစင်အသင်း နည်းပြဒေးရှမ့်အသင်းမှ ထုတ်ပယ်မည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။**(အောက်ယာပုံ)**

အဆိုပါ နည်းပြသည် ပြင်သစ်လက်ရွေးစင်အသင်းတွင် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲအထိ ဆက်ရှိသွားမည်ဖြစ်သည်။

နည်းပြဒေးရှမ့်သည် ပြင်သစ်လက်ရွေးစင်အသင်းအား ၂၀၁၂ ခုနှစ် ဇူလိုင် ၈ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၅၉ ကိုင်တွယ်ရာ ၁၀၁ပွဲနိုင်၊ ၃၃ပွဲ သရေ၊ ၂၅ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသည်။

ပြင်သစ်ဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်ချက်တွင် "နည်းပြဒေးရှမ့် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ယောက်ပါ။ သူအနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရယူပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)



## ဂျာအိုပယ်လင်ဟာ ဘိုင်ယန်မြူးနစ်အသင်းတွင် ကျောနံပါတ် ၁၆ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မြူးနစ် ဇူလိုင် ၁၂**

ကွင်းလယ်ကစားသမားသစ် ဂျာအိုပယ်လင်ဟာ ဘိုင်ယန်မြူးနစ်အသင်းတွင် ကျောနံပါတ် ၁၆ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဖူလ်ဟမ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျာအိုပယ်လင်ဟာသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ ပွဲကစားပြီး ၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။




အသက် ၂၉ နှစ်အရွယ်ရှိ ဂျာအိုပယ်လင်ဟာက "ကျွန်တော် ဘိုင်ယန်မြူးနစ်အသင်းမှာ ကျောနံပါတ် ၁၆ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ လာမည့် ဘောလုံးရာသီမှာလည်း ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားလိုပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ)**
(NGB)

## ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း စိတ်ဝင်စား

**မက်ဒရစ် ဇူလိုင် ၁၂**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဘရာဇီးကလပ် ဆော်ပေါ်လိုအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဆော်ပေါ်လိုအသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၄အတွင်း ပြိုင်ပွဲ ၂၂ ပွဲကစားကာ ၂ ဂိုးသွင်းယူထားသလို၊ ၂၀၂၄ ကိုပါ အမေရိကဖလားဘောလုံး ပြိုင်ပွဲတွင်လည်း ကိုလံဘီယာအသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဆော်ပေါ်လိုအသင်းကလည်း ဂျိမ်းစ်ရိုဒရီဂွက်ဇ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါကရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဆော်ပေါ်လိုအသင်းထံမှ ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**(NGB)




## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် - ၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၇-၂၀၂၄ စနေနေ့ | ညနေ ၃း၃၀ နာရီ (ရန်ကုန်ကွင်း) | (၂)ရန်ကုန် - မြဝတီ (၉)<br>(W) (L) | ရန်ကုန် ၃-၁ မြဝတီ<br>မြဝတီ ၃-၂ ရန်ကုန် |
| ॥ | ညနေ ၄း၀၀ နာရီ (သုဝဏ္ဏကွင်း) | (၁၀)အားကာ/သိပ္ပံ - ရှိုင် (၁၂)<br>(L) (L) | အားကာ/သိပ္ပံ ၄-၀ ရှိုင်<br>ရှိုင် ၁-၁ အားကာ/သိပ္ပံ |

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (တတိယနေရာလုပွဲ) နိုင်ကမ္ဘာ

**ကနေဒါ - ဥရုဂွေး**

ဇူလိုင် ၁၄ ရက်(တနင်္ဂနွေနေ့)နံနက် ၆း၃၀ နာရီ

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

၂၇-၉-၂၀၂၂ ကနေဒါ ၀-၂ ဥရုဂွေး (ခြေစမ်းပွဲ)

**နှစ်သင်း၏ တတိယနေရာလုပွဲအထိ ကျော်ဖြတ်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| အာဂျင်တီးနား | ၂-၀ | ကနေဒါ | (အုပ်စုအဆင့်) | ဥရုဂွေး | ၃-၁ | ပနားမား |
| ပီရူး | ၀-၁ | ကနေဒါ | ( ॥ ) | ဥရုဂွေး | ၅-၀ | ဘိုလီးဗီးယား |
| ကနေဒါ | ၀-၀ | ချီလီ | ( ॥ ) | အမေရိကန် | ၀-၁ | ဥရုဂွေး |
| ဗင်နီဇွဲလား | ၁-၁ | ကနေဒါ | (ကွာတား) | ဥရုဂွေး | ၀-၀ | ဘရာဇီး |
| (ပင်နယ်တီ၃-၄ဖြင့် ကနေဒါနိုင်) | | | | (ပင်နယ်တီ | ၄-၂ဖြင့် ဥရုဂွေးနိုင်) | |
| အာဂျင်တီးနား | ၂-၀ | ကနေဒါ | (ဆီမီး) | ဥရုဂွေး | ၀-၁ | ကိုလံဘီယာ |

နှစ်သင်း၏ လက်ရှိ ခြေစွမ်းအရ ဥရုဂွေးတို့ အနိုင်သေချာသည့်ပွဲ ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ကနေဒါ-ရှုံး၊ နိုင်၊ သရေ၊ နိုင်၊ ရှုံး

ဥရုဂွေး-နိုင်၊ နိုင်၊ နိုင်၊ နိုင်၊ ရှုံး

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အစည်းအဝေးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးခန်း၌ ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



အခမ်းအနားတွင် ညောင်ဦးမြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်က အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံး ဦးစီးအရာရှိ ဒေါ်ဇင်ဇင်ခိုင်က မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။ (ဝံပုံ)(၄၈၁)

## သက်ကြီးခြင်းပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပမည်



**မန္တလေး ဇူလိုင် ၁၂**

သက်ကြီးခြင်းပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဝါဆိုလပြည့်နေ့ နံနက် ၈နာရီတွင် ကျင်းပသွားမည် ဖြစ်သည်။

မဟာမုနိဘုရားကြီး (၉၅) ကြိမ်မြောက် ဝါဆိုခြင်းအလှူခံတော်ပွဲတော် သက်ကြီးခြင်းပညာရှင်ကြီးများအား ခြင်းဝါသနာရှင်များ စုပေါင်းကျင်းပသော (၃၄) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကန်တော့ခံ ခြင်းပညာရှင်ကြီး ၇၄ဦးကို ပူဇော်ကန်တော့သွားမည်ဖြစ်ရာ ပါဝင်ကန်တော့လိုသူများအနေဖြင့် ဝါဆိုခြင်း အလုပ်အမှုဆောင်အဖွဲ့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

"သက်ကြီးပူဇော်ပွဲကို အသက် ၇၅ နှစ်နှင့်အထက် ခြင်းပညာရှင် ၇၄ ဦးကို ကန်တော့သွားမှာပါ။ ခြင်းဆရာကြီးတွေကို ကန်တော့ရာမှာ ပါဝင်ကန်တော့လိုသူ ခြင်းဝါသနာရှင်များအနေဖြင့် ဝါဆိုခြင်းအမှုဆောင်အဖွဲ့ထံသို့ ဆက်သွယ် ပါဝင်နိုင်ပါတယ်" ဟု ဦးဇော်မောင်မောင်မြင့်က ပြောသည်။

သက်ကြီးပူဇော်ပွဲကို အသက် ၇၅နှစ်နှင့်အထက် သက်ကြီး ခြင်းပညာရှင်ကြီးများကို ဖိတ်ကြားပြီး ဝါဆိုလပြည့်နေ့ နံနက်ပိုင်းတွင် ကန်တော့မည်ဖြစ်ပြီး ဝါဆိုလပြည့်ကျော် ၁ရက်တွင် မဟာမုနိဘုရားကြီးတွင် ရွှေသင်္ကန်းနှင့် အလှူငွေများ ဆပ်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်အထက်ရှိ မြစ်ကမ်းအနီးနေသူများ သတိပြုနေထိုင်ရန် အသိပေး

**မန္တလေး ဇူလိုင် ၁၂**

မြန်မာပြည်အထက်ပိုင်းဒေသများတွင် မိုးလယ်ကာလ မိုးရွာသွန်းမှုများပြားသဖြင့် ဧရာဝတီမြစ်ရေသည် လက်ရှိ ရေမှတ်များအထက် မြင့်တက်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၂ ရက် နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၁၃၁၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ မန္တလေးမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၂၆၀ စင်တီမီတာဖြစ်ပြီး ၂၆ စင်တီမီတာ ကျော်လွန်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့တွင် ၁၅၇၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်မှာ ၁၄၈၀ စင်တီမီတာဖြစ်သည်။ ညောင်ဦးမြို့တွင် ၂၂၂၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်မှာ ၂၁၂၀ စင်တီမီတာဖြစ်ပြီး ၈၇ စင်တီမီတာကျော်လွန်လျက်ရှိသည်။ စစ်ကိုင်းမြို့တွင် ၁၁၉၉ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ စင်တီမီတာဖြစ်သည်။ ဧရာဝတီမြစ်ကမ်းဘေးရှိ စစ်ကိုင်း-မင်းကွန်း သွားလမ်းမှာ ရေလွှမ်းလျက်ရှိပြီး ယာဉ်များ သတိပြုမောင်းနှင်ကြရန် အသိပေးထားသည်။



မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် နောက်တစ်ရက်အတွင်း ဧရာဝတီမြစ်ရေ သုံးလက်မခန့် ကျဆင်းနိုင်ပြီး စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

(ဝ၄၅)

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်းနှင့် ဆန်စက်ပိုင်များအသင်း၊ ဆန်လက်လီရောင်းချသူများက ရည်ညွှန်းဈေးအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ ဧည့်မထဆန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ငါန်းဇွန် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွာသစ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို တတိယအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၁၀ရက် နံနက်ပိုင်းက ရွာသစ်ကျေးရွာ၌ ပြုလုပ်ခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့်မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစု ဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင်ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၂၅၀၀၀၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ တတိယအကြိမ်အဖြစ် ငါန်းဇွန်မြို့နယ်၊ ရွာသစ်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ ရွာစုစုပေါင်း ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၅၀၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးထံက သိရသည်။

(ဝ၄ဝ)



# ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ပြောင်းဈေးကွက် အမြင့်ဈေးတွင် ရှိနေ

ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် မြန်မာ့ပြောင်းဈေးကွက် တစ်ပိဿာလျှင် ငွေကျပ် ၁၄၈၀ ခန့် ရရှိနေရာ အမြင့်ဈေးတွင် ရှိနေကြောင်း ပြောင်းလုပ်ငန်းရှင်များထံက သိရသည်။ (အပေါ်ပုံ)

မြန်မာ့ပြောင်းကို ပထမအများဆုံးတင်ပို့သည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသို့လည်း အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့လျက်ရှိသည်။

ထိုင်းနိုင်ငံသို့ ပြောင်းတင်သွင်းခွင့်မှာ ဩဂုတ် ၃၀ ရက်ထိသာ နောက်ဆုံးတင်ပို့ရမည်ဖြစ်တာကြောင့် လက်ရှိ တင်ပို့နေသည့် ပြောင်းဈေးကွက်မှာ ဈေးကောင်းရရှိနေခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံသို့ တင်ပို့မှုရပ်နားပြီးနောက်မှသာ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ တင်ပို့နိုင်မည်ဖြစ်သည်။

"လက်ရှိ ထိုင်းနိုင်ငံသို့ တင်ပို့သည့် သင်္ဘောများမှာ တန်ချိန် ၂၅၀၀၊ ၂၇၀၀ ပတ်ဝန်းကျင်သင်္ဘောများဖြစ်လို့ ကုန်သည်တစ်ဦးတည်းကတောင် တင်ပို့နိုင်တဲ့အခြေအနေပါ။ သင်္ဘောက အရေအတွက်နည်းတော့ စောင့်ပြီး တင်ပို့နေရပါတယ်။ လက်ရှိမှာ ထိုင်းက ပြောင်းဝယ်ဈေးကောင်းနေတော့ ပြည်တွင်းမှာ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၄၈၀ ထိ အမြင့်ဈေးရရှိနေတာပါ"ဟု ပြောင်း စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ ဦးတိုးက ပြောသည်။

မြန်မာ့ပြောင်းတင်ပို့မှုကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့မှုကို ရပ်နားထားပြီး ပင်လယ်ရေကြောင်းကနေ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အိန္ဒိယတို့ကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့လျက်ရှိရာ မြန်မာ့ပြောင်းစိုက်တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

# ဆန်ဆိုင်များ၌ သတ်မှတ်ဈေးနှုန်းနှင့်အညီ ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ပုဗ္ဗသီရိ ဇူလိုင် ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဈေးအတွင်းရှိ ဆန်ဆိုင်များနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဆန်ဆိုင်များအနေဖြင့် သတ်မှတ်ဈေးနှုန်းနှင့်အညီ ရောင်းချမှု ရှိ၊ မရှိကို ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆန်ဆိုင်များ သတ်မှတ်ဈေးနှုန်းနှင့်အညီ ရောင်းချရေး ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်၊ အဖွဲ့ဝင်(၂) ဦးသန်းငွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အေးစိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဦးကျော်ဝေယံဗြိမ်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးကို၊ စားသုံးသူရေးရာဦးစီးဌာနမှ ပုဗ္ဗသီရိမြို့နယ် တာဝန်ခံ ဒုတိယဦးစီးမှူး ဦးတင်စိုးနိုင်၊ပုဗ္ဗသီရိမြို့နယ် ဈေးစည်ပင်အဖွဲ့မှ ဦးစိုးသီဟ ပါ-၅ ဦး၊ကျည်တောင်ကန်အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲဝင်း ပါ-၆ ဦး၊ ကျည်တောင်ကန်အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ပါ-၃ ဦးတို့ ပူးပေါင်းအဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဈေးနှင့် ရပ်ကွက်များမှ ဆန်ဆိုင်များအား ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချသွားရန်၊ ဈေးနှုန်းကဒ်များထားရှိရန်နှင့် ဆန်စက်များမှ ဆန်ဝယ်ယူခဲ့သည့် ဘောက်ချာများတွင် ရည်ညွှန်းဈေးမှန်ကန်ခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ"ကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက အမှတ်(၃၆) အခြေခံပညာအထက်တန်းကျောင်း ဗန္ဓုလခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ်(၃၆)အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းညိုက "လူ့အခွင့်အရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းခိုင်က "တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်/ဆက်ဌာနမှ ဦးစီးအရာရှိဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့်ရည်မှန်းချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်း "လူငယ်နှင့်အားကစား"ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေး ဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ (ပြန်/ဆက်)ဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့်ဝန်ထမ်းများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

(ချမ်းမြေ့)

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဟောပြောပွဲကျင်းပ

**ကျောက်ဆည် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" လူထုအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက ပတ္တာကျေးရွာအုပ်စု၊ မြင်စိုင်းကျေးရွာ ဆင်ဖြူချပ်ဘုန်းတော်ကြီး ကျောင်းခမ္မာရုံတွင် ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်မြို့နယ်ဦးစီးမှူး ဦးအောင်ထားရွှေက သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာ အကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေး အကြောင်းအရာများအား တစ်နိုင်ငံလုံး(သို့မဟုတ်) သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း၊တစ်ပြိုင်တည်း ကောက်ယူသော လုပ်ငန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲသို့ ပတ္တာ၊ ငါးဆူ၊ ထနောင်ပင်လှကျေးရွာများနှင့် မြင်စိုင်းကျေးရွာမှ ပြည်သူများတက်ရောက်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်မြို့နယ်ဦးစီးမှူးရုံးမှ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းကောင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက် ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။(၄၈၅)

# မိတ္ထီလာမြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၃၀၆၁ ဧက အထွက်နှုန်းတိုးတက်

**မိတ္ထီလာ ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက်ဧက ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး မိုးစပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ တစ်ဧက အထွက်နှုန်းတိုးတက်၍ ဝင်ငွေတိုးလာစေရန် ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးကို ဆည်ရေ ကန်ရေသောက်စနစ်ဖြင့်လည်းကောင်း၊ ဆည်ရေ ကန်ရေ မရသည့်ဒေသများတွင် မိုးကောင်းရေသောက်စနစ်ဖြင့် လည်းကောင်း စိုက်ပျိုးလျက်ရှိသည်။ ထိုသို့ စိုက်ပျိုးရာတွင် မိုးစပါးကို ပျိုးထောင်စိုက်ပျိုးသည့်စနစ်၊ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသည့်စနစ်များဖြင့် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မနောသုခ၊ ဆင်းသုခ မျိုးစပါးများကို အဓိက စိုက်ပျိုးလျက်ရှိသည်။ အဆိုပါ မိုးစပါးစိုက်တောင်သူများ တစ်ဧက အထွက်နှုန်း တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲရေး၊ သွင်းအားစုများ စနစ်တကျ ထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရေး စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများဟောပြောခြင်း၊ စိုက်ကွင်း သရုပ်ပြသခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ (ယာပုံ)

ထို့အပြင် တောင်သူများ တစ်ဧက အထွက်နှုန်းတိုးပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သတ်မှတ်လျာထားစိုက်ဧက ၁၃၀၆၁ ဧကအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မြို့နယ်အတွင်း၌ မိုးစပါးသီးနှံကို ထမုန်ကန်းကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ တောမကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ ခင်လူးကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ရှမ်းတဲကျေးရွာအုပ်စုတွင် စိုက်ဧက ၃၀၊ ကဖြူကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ဓောင်းချမ်းကုန်းကျေးရွာအုပ်စုတွင် စိုက်ဧက ၃၀၊ မကျီးစုကျေးရွာအုပ်စုတွင် စိုက်ဧက ၄၀၊ လျှော်ဖြူကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ကွက်ငယ်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၅၀ စုစုပေါင်း စိုက်ပျိုးဧက ၆၀၀ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၆၉)



သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

# ရတနာပုံ(မန္တလေး)၏ အကာအရံများမှ အပြင်မြို့ရိုး- တံခါး ၅၇ ရပ်

**ရတနာပုံ(မန္တလေး)မြို့တည်စဉ်က နန်းတော်၊ ကျုံး၊မြို့ရိုးနှင့် မြို့တံခါးများတည်ထားပုံ လေ့လာလျှင် မင်းတုန်းမင်းနှင့် ရှေးမြန်မာပညာရှင်များ၏ အသေးစိတ် စီမံမှုများက စိတ်ကူးစိတ်သန်းကောင်းသည်ဟုဆိုရမည်။ သာသနာသက္ကရာဇ် ၂၄၀၀ ပြည့်နှစ် အထိမ်းအမှတ်အဖြစ် မြို့တည် နန်းတည်ခဲ့ခြင်းလည်းဖြစ်သည်။ ဘုရင်မင်းမြတ် စံမြန်းရာ ရွှေနန်းတော်အကာအကွယ်အဖြစ် အပြင်မြို့ရိုးအပါအဝင် အကာအရံ ၄ ခုရှိသည်ဟုဆိုသည်။**



မင်းတုန်းမင်းသည် မြန်မာနှစ် ၁၂၁၄ ခုနှစ်တွင် ပုဂံမင်း(အမရပူရမြို့နန်းစံ)ကို ပုန်ကန်ခြားနားပြီးနောက် အမရပူရတွင် ၂ နှစ်ခန့်စံမြန်းပြီး ၁၂၁၈ ခုနှစ်တွင် ရတနာပုံ(မန္တလေး)မြို့တည်ရန် ပန္နက်ချခဲ့သည်။ မြို့နန်းသစ်တည်ထောင်လိုသော ဆန္ဒပြင်းပြချိန် သာသနာသက္ကရာဇ် ၂၄၀၀ ပြည့်နှစ်ဖြစ်ခြင်းက မြို့တည်နန်းတည်ရခြင်း အကြောင်းအရင်းတစ်ခုပါဝင်သည်။ ဘာသာသာသနာကို လွန်စွာကြည်ညိုပြီး မန္တလေးတောင်ရှိရာအနီး မြို့သစ်တည်ထောင်မည့် မင်းမှာသာသနာပြုမင်းဖြစ်သည်ဟူသော သိုက်၊ တဘောင် ကိန်းခန်းများကလည်း တွန်းအားဖြစ်ခဲ့သည်။

**နန်းတော်နှင့် အကာအရံ**

မန္တလေးတောင်အရပ်တွင် မြို့တည်ရာ၌ ရွှေနန်းပြာသာဒ်တော်ကြီး၊မှန်နန်းဆောင်၊ဘုရင်၊မိဖုရားတို့ စံမြန်းရာ အဆောင်၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများစုဝေးရာ ရွှေနန်းတော်ကို ကျုံး၊မြို့ရိုး၊ ကျုံးရေပြင်ဖြင့် ဝန်းပတ်ကာရံထားကာ မြို့၏ နယ်နိမိတ်၊ ယင်း၏ အပြင်ဘက်ဆုံးတွင် ရွှေကြိုးသတ်နယ်နိမိတ်ဟု သတ်မှတ်သည်။ နန်းတော်ကို 'မြနန်းစံကျော်' နှင့် နန်းမြို့တော်ကို 'လေးကျွန်းအောင်မြေ' ဟု အမည်သမုဒ်ကြောင်း သိရသည်။

'နန်းတော်ကြီးရှိရာကို ပတ်ထားတဲ့ လွယ်လွယ်ကူကူကျော်လို့မရတဲ့ အုတ်မြို့ရိုးရှိတယ်။ ဝင်းထရံ ၂ ဆလောက်မြင့်မယ်။ဒီအုတ်မြို့ရိုး အပြင်ဘက်မှာ အနည်းငယ်ခွာပြီး သစ်တပ်မြို့ရိုးဆိုပြီး ထားပြန်တယ်။ တံခါး ၄-ပေါက်ရှိပြီး



သစ်တပ်မြို့ရိုးအတွင်း သစ်တပ်နဲ့ တကွ အဲဒါကို နန်းမြို့တော်လို့ ရာဇဝင်က မှတ် တမ်းတင်တယ်။ သစ်တပ်မြို့ရိုးအတွင်း သူပုန် တွေ ရောက်လာတာကို နန်းမြို့တော်အတွင်းလို့ ခေါ်တယ်။ ရေကျုံးနဲ့တကွသော အုတ်မြို့ရိုးကြီး အတွင်းကိုတော့ မန္တလေးရတနာပုံရွှေမြို့တော်ကြီးလို့ ရာဇဝင်ကရေးတယ်။ မြို့ရိုး ၃ ခုက နန်းတော်ကို ကာရံထားတယ်။ သစ်တပ်အတွင်းတော့ နန်းမြို့တော်၊အုတ်မြို့ရိုးကြီးအတွင်းကို ရွှေမြို့တော်၊ မြေမြို့ရိုးကြီးအတွင်းတော့ မန္တလေး အပြင်မြို့တော်လို့ ခေါ်ပြန်တယ်' ဟု ရွှေပြည် ဦးဘတင် ၏ စာပွဲသဘင်တွင် ဖော်ပြပါရှိသည်။

မြို့ဆင်ခြေဖုံးဟုဆိုနိုင်သော ဇရိယာသတ်မှတ်ရာတွင် အရှေ့ဘက်သို့ ရတနာ နဒီမြစ်၊ တောင်ဘက်သို့ အမရပူရ၊ အနောက်ဘက်သို့ ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် မြောက်ဘက်သို့ မတ္တရာနယ်တို့ ဖြစ်သည်။ နန်းတော်ကို ကာရံထားသည့် အရံအတားများကို ကြည့်လျှင် ပထမ- အုတ်မြို့ရိုးကလေး၊ဒုတိယ-သစ်တပ်၊ တတိယ- အုတ်မြို့ရိုးကြီးအပြင် အရှေ့အနောက် တောင်မြောက် မြို့ဇရိယာ အပြင်ဘက်က မြေမြို့ရိုးများကို ထည့်သွင်းလျှင် အကာအရံ ၄ ခုဟု ဆိုပါသည်။

**မြို့ရိုး တံခါးများ**

မြို့ရိုးတံခါးများမှာ တစ်မျက်နှာလျှင် တံခါး ၃ ပေါက်ဖြင့် လေးမျက်နှာတွင် တံခါး ၁၂ ရပ်ရှိသည်။တံခါး ၁၂ ရပ်အတွက် အခါတော် မရောက်မီ မြို့ရိုးနေရာ ထောင့်လေးထောင့်တွင် ဆီအိုးများ မြုပ်နှံရန် တွင်းတူး၍ အုတ်များ စီချသည်။ နှမ်းကြီးဆီ အချိန် ၄၀၊ နှမ်းလျှင်ဆီအချိန် ၄၀ နှင့် မုန်ညင်းဆီ အချိန် ၄၀၊ ပေါင်း အချိန် ၁၂၀ ဝင်ဆံ့သော ဆီအိုးကြီးများအတွင်း ရောစပ်ထည့်သွင်း၍ အလုံပိတ်ကာ တစ်ထောင့်လျှင် တစ်အိုးကျဖြင့် မြန်မာနှစ် ၁၂၂၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ညဉ့် ၂ ချက်တီးကျော်တွင် မြှုပ်နှံသည်။

ကဆုန်လပြည့်ကျော် ၆ ရက်၊ ညဉ့် ၃ ချက်တီးကျော်၌ ရွှေမြို့တော်ကြီးနှင့်တကွ ခုနစ်ဌာနကို ကြီးကြပ်များ၊ မှူးမတ်များနှင့် နေကျော်သားများက အမြောက်သံကြားသည့် အခါတော်အချိန်တွင် တစ်ပြိုင်တည်း အုတ်စီခင်းကာ မြို့တံခါး ၁၂ ရပ်၊ ယွန်းဆက်ပြေတန်ဆောင်းပြာသာဒ်တိုင်များ စိုက်ထူသည်။ လေးမျက်နှာတံခါးတော်များကို အမည်ပေးရာ၌ အရှေ့မျက်နှာ အလယ်တံခါးမှစ၍ လွန်ကဲတံခါး၊ ဦးထိပ်တံခါး၊ သောင်းညွှတ်တံခါး၊ ကျွန်းလုံးယူတံခါး၊ ကျော်မိုးတံခါး၊ ရန်နည်တံခါး၊ ကြေးမုံတံခါး၊ စည်ရှည်တံခါး၊ ထင်ရှားတံခါး၊ စည်သာတံခါး၊ လေးသိန်းတံခါး၊ မန်းဦးတံခါး တို့ရှိသည်။

ထိုတံခါးများတွင် တစ်ဆယ့်နှစ်ရာသီခွင်ကို ဖော်ကြူးသည့် ရာသီခွင်အလိုက် နွားရုပ်၊ ဆိတ်ရုပ်၊ စသည်ဖြင့် နက္ခတ်များ၊ တာရာများကို ရွှေမင်နှင့် ထင်ရှားတင့်တယ်အောင် ရေးခြယ်ထားသည်။ရာသီခွင်အရ အရှေ့အလယ်ပေါက်တံခါးသည် မိဿရာသီတွင် ရှိသည်။ ၄င်းမှ မြောက်ဘက်သို့ လက်ဝဲရစ်ဖြင့် တံခါးအစဉ်အတိုင်းမှ မိဿ၊ ပြိဿ စသည့် ရာသီခွင်များအရ တံခါးများတွင် ပုံဖော်ရေးဆွဲထားကြောင်း သိရသည်။

တံခါး ၁၂ ရပ်ရှိရာ မီးကာ အုတ်ရိုးအနီး၌ အုတ်ပလ္လင် သုံးဆင့်ခံကာ မော်ကွန်းတိုင်စိုက်ထူ၍ တံခါးအမည်များ ထုဆစ်ရေးသားထားသည်။ထိုသို့ ကမ္ပည်းရေးထိုးရာတွင် ရှေးထုံးစဉ်လာအရ ရွှေစာလုံးဖောင်းကြွများဖြင့် စာ ၆ ကြောင်းဖြင့် ရေးထိုးသည်။

'သက္ကရာဇ် ၁၂၂၁ ခု ကဆုန်
လပြည့်ကျော် ၆ ရက်နေ့
ညဉ့် ၃ ချက်တီးကျော် ၇ ရက်
တနင်္လာနေ့ အဝင် ၄ နာရီ
၂ ပါဒ် အချိန်တည် ရတနာပုံမ်
ရွှေမြို့တော်ကြီး လေးသိန်းတံခါး 'ဟူ၍

စာ ၆ ကြောင်းကို အသုံးပြုရေးထိုးသည်။

**အပြင်မြို့ရိုးနှင့် တံခါး ၅၇ ရပ်**

ရတနာပုံမန္တလေးတွင် လူနေထူထပ်လာခြင်းနှင့် မြို့ပြဇရိယာ တိုးချဲ့လိုခြင်းကြောင့် မြန်မာနှစ် ၁၂၃၇ ခု၊နှောင်းတန်ခူးလအတွင်း မှူးမတ်များနှင့် မြို့စား၊ ရွာစားများကို ထိုက်သင့်သော အထောက်အပံ့ရိက္ခာစရိတ်ပေး၍ အပြင်မြို့ရိုးကြီးကို အမြင့် သံတောင် ဆယ်တောင်၊ အထူ(ထု)ဆယ်တာ၊ အကျယ်(မျက်နှာပြင်) ၆ တာ ရှိသော မြေသားမြို့ရိုးတည်ဆောက်စေသည်။ အပြင်မြို့ရိုးဟုလည်းခေါ်သည်။ မြို့ရိုးဖြစ်၍ ဝင်ပေါက်တံခါးထားရှိရာ ၅၇ ခုရှိသည်။ အရှေ့မျက်နှာ တောင်စွန်းစွန်းတံခါးမှာ သူစံတံခါး၊ ယင်းမှ မြောက်ဘက်သို့ အစဉ်အတိုင်းသွားလျှင် သာစုံတံခါး၊ သညာတံခါး၊ သိန်းချာန်တံခါး၊ အောင်ငြိမ်းတံခါး၊ ဦးတည်တံခါး၊ အောင်ထင်တံခါး၊ အောင်ထွန်းတံခါး၊ အောင်နန်းတံခါး၊ ဦးနှိမ်တံခါး၊ ဥဒါန်းတံခါး၊ ဦးတိုက်တံခါး၊ လွတ်ကူးတံခါး၊ လွတ်ကင်းတံခါး၊ လှိုင်ကျွန်းတံခါး၊ လွန်းကြင်တံခါး၊ လှိုင်ကျော်တံခါးတို့ ဖြစ်သည်။

မြောက်ဘက်တွင် အရှေ့စွန်းစွန်းမှအနောက်သို့ မြို့ဦးတံခါး၊ မြောင်းဦးတံခါး၊ မာရ်အောင်တံခါး၊ လှိုင်သာတံခါး၊ လေသောက်တံခါး၊ လေသာတံခါး၊ သီဝံတံခါး၊ လှိုင်သင်းတံခါး၊ လှိုင်ကြူတံခါး၊ ရဲထွတ်တံခါးတို့ဖြစ်ပြီး အနောက်ဘက်တွင် မြောက်စွန်းစွန်းမှ တောင်ဘက်သို့ စွန်ရဲတံခါး၊ ရန်ပြိုတံခါး၊ ရဲတင်တံခါး၊ စံရှားတံခါး၊ စက်ရိပ်တံခါး၊ ရေကြည်တံခါး၊ ပိုက်ကျုံးတံခါး၊ ရေစုံတံခါး၊ စည်ရှည်တံခါး၊ ဂေါဝိန်တံခါး၊ တာရိတ်တံခါး၊ ပန်းဆက်တံခါး၊ စံရာတံခါး၊ ဘောင်ရှည်တံခါး၊ မြရိပ်တံခါး၊ မြန်အောင်တံခါး၊ ထုံးရှည်တံခါး၊ ထိန်းရတံခါးတို့ဖြစ်သည်။

တောင်မျက်နှာတွင် အနောက်စွန်မှစ၍ အရှေ့သို့ရန်နှင်တံခါး၊ ရန်နိုင်တံခါး၊ ရန်နှိပ်တံခါး၊ ရန်နှိမ်တံခါး၊ ကိုက်မိုးတံခါး၊ ကဲမြင့်တံခါး၊ ကောင်းမြိုက်တံခါး၊ ကျော်ခိုတံခါး၊ ကောင်းလှိုင်တံခါး၊ ခွန်ယူတံခါး၊ ကျိုင်လှိုင်တံခါး စသည့်ဖြင့် တံခါး ၅၇ ရပ်ထားရှိသည်။ ကျမ်းဂန်များအရ ဗုဒ္ဓဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်မြို့တော်တွင် တံခါးကြီး ၃၂ ရပ်၊ တံခါးငယ် ၆၄ ရပ်ရှိရာ ပေါင်းလျှင် ၉၆ခု၊ ရတနာပုံ(မန္တလေး)မြို့တော်တွင် တံခါးကြီး ၁၂ ရပ်၊ တံခါးငယ် ၅၇ ရပ်၊ ပေါင်းလိုက်လျှင် ၆၉ ခုရှိ သည်။ တံခါးစုစုပေါင်းကိန်းဂဏန်း ၂ ခုမှာ ဗေဒင်သဘောအရ ကက်ကင်းဖြစ်သည်ကို တွေ့ရသည်။

ရတနာပုံ(မန္တလေး)မြို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ကျော်က ဖြစ်တည်ခဲ့သည့် အခြေအနေများကို စာရေးဆရာ၊ ဆရာမကြီးများက နောင်းလူတို့ သိရှိနိုင်ရန် ပုံဖော်ရေးသားခဲ့ကြသည်။ ဖတ်ရှုလေ့လာရင်းဖြင့် စဉ်းစားဖွယ်ရာ၊ အထင်ကြီးလေးစားဖွယ်ရာများနှင့် မသိသေးသော အရာများ သိရှိခွင့်ရသည်ဖြစ်၍ စာဖတ်ခြင်းဖြင့် မြန်မာ့သမိုင်းကို ဂုဏ်ယူနိုင်ကြမည်ဖြစ်ပါတော့သည်။

**ကိုးကား-(၁)ရွှေပြည်ဦးဘတင်စာပွဲသဘင်။ (၂)ယင်းခဲမောင်မောင်ရေး-မန္တလေးတောင်တော်သမိုင်း(မူကြမ်း)။ (၃)အနှစ် ၁၀၀ ပြည့် မန္တလေး။**

ခိုင်ဆက်ဝေ

## ဥပဒေအထောက်အကူပေးရေးဆိုင်ရာ လုပ်ငန်းများအကြောင်း အသိပညာပေး Talk Show ကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre တွင် ဇူလိုင် ၁၀ ရက် နံနက် ၁၀နာရီက ဥပဒေအထောက်အကူပေးရေးလုပ်ငန်းများအကြောင်း အသိပညာပေး Talk Show ကျင်းပခဲ့သည်။




အဆိုပါ ဥပဒေအထောက်အကူပေးရေးလုပ်ငန်းများအကြောင်း အသိပညာပေး Talk Show ဆွေးနွေးပွဲတွင် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်၊ ချမ်းအေးသာစံမြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ထူးငယ်၊ အဖွဲ့ဝင် ဒေါ်ခိုင်သဇင်တို့က ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းရခြင်းရည်ရွယ်ချက်များ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းစဉ်များ၊ ဥပဒေဆိုင်ရာ အထောက်အကူ၏ အဓိပ္ပာယ်များ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး နည်းလမ်းများ၊ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံရမည့် နည်းလမ်းများ၊ တောင်းခံပိုင်ခွင့်ရှိသူများနှင့် ချမ်းအေးသာစံမြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ဥပဒေအထောက်အကူပေးခဲ့မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၀၇၂)

## (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

**ပင်းတယ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို မြို့နယ်အဆင့် စာစီစာကုံး၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲများနှင့် ဟောပြောပွဲများကို ယမန်နေ့က ကျင်းပခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဦးစွာ ပြိုင်ပွဲကျင်းပပေးရခြင်း၏ရည်ရွယ်ချက်၊ ကျောင်းသား၊ ကျောင်းသူများအား အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ တိုင်းပြည်အပေါ် စွန့်လွှတ်စွန့်စား၊ ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ပုံ စသည်ဖြင့် ကျောင်းသားလူငယ်များသိရှိစေရန် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများက အသိပညာပေး ပြောကြားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများက ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံအား ပုံတူရေးဆွဲစေပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် '၁၉ ဇူလိုင်မမေ့နိုင်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်း၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် 'အာဇာနည်နေ့တို့မမေ့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် 'အာဇာနည်နေ့နှင့်အမျိုးသားရေးတာဝန်' ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၃၈)



## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနမှူးများ၊ စီမံအရာရှိများ၊ ဆရာ၊ ဆရာမများ၊ ကာယအလှမယ်ပြိုင်ပွဲဝင်ကျောင်းသူများနှင့် ဘာသာရပ်ဌာနအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကို ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများက မြကျွန်းညီညီ အမည်ရှိ တေးသီချင်းဖြင့် သီဆိုဧည့်ခံဖျော်ဖြေကြသည်။ ထို့နောက် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းဖြူ ပါမောက္ခ(ဌာနမှူး) ဒဿနိကဗေဒဌာနက ပြိုင်ပွဲစည်းမျဉ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကာယအလှမယ်ပြိုင်ပွဲတွင် ဒိုင်များအဖြစ် တာဝန်ယူဆောင်ရွက်မည့် ပြိုင်ပွဲကြီးကြပ်ဒိုင်များနှင့် မိတ်ဆက်ပေး၍ ပထမအဆင့်(ပဏာမပြိုင်ပွဲ)ကို စတင်ကျင်းပပြီး ကာယအလှမယ်ပြိုင်ပွဲ ဗကာတင်အဆင့်ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ထို့နောက် ကာယအလှမယ်ပြိုင်ပွဲတွင် ပထမဆုရရှိသော တရုတ်ဘာသာအထူးပြု ဒုတိယနှစ်ကျောင်းသူအား ပါမောက္ခချုပ် ဒေါက်တာတင့်တင့်ကလည်းကောင်း၊ ဒုတိယဆုရရှိသော စီးပွားရေးလုပ်ငန်းသုံးအင်္ဂလိပ်ဘာသာစကား အထူးပြု ဒုတိယနှစ်ကျောင်းသူအား ဒေါက်တာအေးသက်သက်ဝင်း ဒုတိယပါမောက္ခချုပ်(သင်တန်း၊ စီမံ)ကလည်းကောင်း၊ တတိယဆုရရှိသော ဂျပန်ဘာသာအထူးပြုပထမနှစ်ကျောင်းသူအား ဒေါက်တာကြည်ကြည်မိုး ဒုတိယပါမောက္ခချုပ်(မဟာဌာနမှူး၊ လူမှုသိပ္ပံဌာန)ကလည်းကောင်း ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကြီးမြတ်ဂုဏ်သ ဝါဆိုလ

* ဖျိုင်းတာရာ ဝဏ္ဏလွမ်းကာပ
နက္ခတ်စန်း ပြုဗ္ဗာသန်
ယှဉ်တွဲနေပြန်။
မတည်မြဲတဲ့ ဘဝအမှန်
နောင်တစ်ဖန် မှန်းမျှော်ရှ။
နိဗ္ဗာန်ကို ဆုပန်တောင်းပါလို့
စိတ်ကောင်းဆစ်ထု။
* ရဟန်းသံဃာ သိက္ခာမှုကိုပ
ဆောက်တည်ပြု လရာသီ
ဝါဆိုလမည်။
နဂါးခေါင်းကွယ့် မြောက်ဘက်တည်
ကာကွယ်သည် ဘေးရန်များ။
အင်္ဂါနှင့် ရာဟုထပ်ပါလို့
ရက်ပြသဒါး။
* ကရကင့်နော် သမုတ္တားပါလို့
ရာသီအား ကြီးမြတ်ပေ
ချမ်းသာအေးစေ။
ဗုဒ္ဓဟူးနှင့် တနင်္ဂနွေ
ရာဇာလေ ကောင်းခြင်းရက်။
ပုစ္ဆန်လုံးသဏ္ဌာန် ရာသီရုပ်ရယ်က
စောင့်ချုပ်နှောင်လျက်။
* ဆေးဖက်ဝင် ပန်းပုန်းညက်ရယ်က
ပွင့်လွှာဆက် အလှဆင်ဖြာ
ဖြူ ဝါ ယှက်ကာ။
ချိန်မှန်ကျရောက် မိုးဦးအခါ
သွန်းစွေလှာ မိုးပုလဲ။
ဗုဒ္ဓသာသနာ ရောင်ဝါလင်းစေဖို့
(ဆင်နွှဲပျော် ကျင်းပကြပါတဲ့)
ပဋ္ဌင်းခံပွဲ။ ။

**သူ့ထက်ဆန်း(မန္တလေး)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ဩစတြေးလျသရုပ်ဆောင် Catherine Laga'aia ကို Moana ဇာတ်ရုပ် ရွေးချယ်ထား




ဒစ်စနေး၏ အထင်ကရ ကာတွန်းရုပ်ရှင်ကို ရုပ်ရှင်အဖြစ် ပြန်လည်ထုတ်လွှင့်မည်ဖြစ်ရာ မိုအာနာဇာတ်ရုပ်အတွက် ဩစတြေးလျသရုပ်ဆောင် ကက်သရင်းလာဂါအာရီယာကို ရွေးချယ်ထားသည်ဟု ဟောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် မူလနောက်ခံစကားပြော သရုပ်ဆောင်သည့်ရော့ကနတ်ဘုရားအဖြစ် ပြန်လည်ပါဝင်ထားပြီး ဂျွန်တူအီ၊ ဖရန်ကီအာဒန်နှင့် ရီနာအိုဝမ်တို့လည်း ပါဝင်အားဖြည့်ပေးထားကြသည်။

အသက်(၁၇)နှစ်အရွယ် ဩစတြေးလျသရုပ်ဆောင် ကက်သရင်းလာဂါအာရီယာကို မိုအာနာဇာတ်ကောင်အဖြစ် ရွေးချယ်ခဲ့ကြောင်း အတည်ပြုခဲ့ပြီး ယင်းရုပ်ရှင်ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ပြသွားမည်ဖြစ်ပြီး ထုတ်လုပ်ရေးကို Disney နှင့်အတူ The Rock ၏ Seven Bucks Production က ပူးတွဲတာဝန်ယူထားသည်။ (SKY)

## Great Warintorn က ဘောလုံးပွဲကို ဆိုက်ကယ်နှင့် သွားခဲ့

ထိုင်းအနုပညာရှင် ဂရိတ်ဝါရင်တန်သည် Great Rider 10 နံပါတ်နှင့် ဘောလုံးအင်္ကျီအပြာဝတ်ဆင်၍ ဘောလုံးပွဲသို့ ဆိုက်ကယ်စီးသွားခဲ့သည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဘောလုံးကွင်းထဲတွင် သူ့ပရိသတ်များနှင့်တွေ့ပြီး အမှတ်တရဓာတ်ပုံရိုက်ကူးပေးခဲ့ကာ အသွားအပြန် ဆိုက်ကယ်စီး၍ ပရိသတ်ကြားဖြတ်သန်းသွားခဲ့သည်ကို တွေ့ရသည်။

ခမ်းနားကြီးကျယ်မှုမရှိဘဲ အများပြည်သူနှင့် တန်းတူတစ်သွေးတည်း တစ်သားတည်း တည်ရှိနေမှုကို ပြသခဲ့သည့် ဂရိတ်ဝါရင်တန်မှာ အနုပညာလောကတွင် ကောက်ပသောကြယ်တစ်ပွင့်လည်း ဖြစ်ခဲ့သည်။

ပရိသတ်များက ဂရိတ်ဝါရင်တန်မှန်းမသိအောင် တိတ်တဆိတ်ရောက်ရှိလာခဲ့ပြီး တိတ်တဆိတ် ပြန်လည်ထွက်ခွာသွားခဲ့၍ နှမြောတသဖြစ်နေကြသည်။

(SKY)



## အူအတွင်းရှိ ဘက်တီးရီးယားပိုးများက ကူးစက်ရောဂါများမှ ကာယ်တင်ပေးနိုင်မည်

အမ်စတာဒမ်အခြေစိုက် ယူအမ်စီနှင့် ဖင်လန်နိုင်ငံ တာကူတက္ကသိုလ်တို့မှ သုတေသီများသည် အူအတွင်းရှိဘက်တီးရီးယားပိုးများ၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်ပုံအကြောင်းကို မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အဆုတ်အအေးမိရောဂါကဲ့သို့သော ပြင်းထန်ကူးစက်ရောဂါများမှ လူတို့ကို ကာယ်တင်ပေးနိုင်မည်ဖြစ်ကြောင်း ထပ်မံဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

၎င်းတို့သည် လူပေါင်း ၁၀၀၀ ကျော်တို့၏ ကျန်းမာရေးအခြေအနေကို လေ့လာရာတွင် အူတွင်း ဘက်တီးရီးယား အကောင်ရေနည်းသူ ၆၀၀ ကျော် ရောဂါများကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။

အဆိုပါသုတေသီများအနေဖြင့် လူနာများ၏ မစင်ထဲတွင်ပါလာသော ဘက်တီးရီးယားပိုးများကို အသေးစိတ်ခွဲခြမ်းလေ့လာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Dev Patel က Monkey Man ရိုက်ရင်း လက်ကျိုးခဲ့




၂၀၂၄ ခုနှစ်တွင် ထွက်ရှိခဲ့သည့် နာမည်ကျော် အက်ရှင်ရုပ်ရှင် Monkey Man ၏ ဒါရိုက်တာ၊ သရုပ်ဆောင် ဒေ့ဗ်ပါတယ်က ရိုက်ကွင်းတွင် လက်ကျိုးခဲ့၍ လက်တစ်ဖက်တည်းနှင့် အက်ရှင်လုပ်ခဲ့ရသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်မထွက်မီကပင် ဒေ့ဗ်ပါတယ်က လက်တစ်ဖက်တည်းနှင့် အက်ရှင်ခန်းများလုပ်ရသည်မှာ မလွယ်ကူကြောင်း အချို့အခန်းများတွင် အက်ရှင်ခန်းများကို လက်တစ်ဖက်သာ သုံးခဲ့ရသည်ဟု ပြောကြားခဲ့သည်။

ထုတ်လုပ်သူ ဂျိုမွန်သောမတ်စ်က ရိုက်ကွင်းတွင် ဂျက်ကက်အင်္ကျီထဲ လက်ညှိုးပါသွားပြီး ကျိုးသွားခြင်းဖြစ်ကာ ဆေးရုံမသွားဘဲ ဆက်ရိုက်ခဲ့ခြင်း ဖြစ်သည်။ ဒေ့ဗ်ပါတယ်က ကိုယ်တိုင်ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာနေရာ ပူးတွဲတာဝန်ယူ ဖန်တီးထားသည်။

ဒေ့ဗ်ပါတယ်နှင့်အတူ ဆိုဟီတာဒူလီပါလာ၊ ပီတိုဘာရာထရီပက်တီ၊ မစ်ပင်ရှာမားနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားသည်။ (SKY)

## Sky Castle တောင်ကိုရီးယားဇာတ်လမ်းတွဲ ဂျပန်ကပြန်ရိုက်

တောင်ကိုရီးယားဇာတ်လမ်းတွဲ Sky Castle သည် အောင်မြင်မှုရရှိထားရာ ဂျပန်က ပြန်လည်ရိုက်ကူးမည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တောင်ကိုရီးယားမိဘများ တက္ကသိုလ်ဝင်ခွင့်အတွက် သားသမီးများကို ပံ့ပိုးမှုမှာ ဂျပန်မိဘများ ပံ့ပိုးမှုနှင့် တူညီမှုမရှိ၍ ပရိသတ်များက ဇာတ်ကားတိုင်း ပြန်ရိုက်ကူးရန်မသင့်ဟု မှတ်ချက်ပေးထားကြသည်။

ဂျပန်ဒရမ်မာကားများမှာ အငြိမ်ကို ဦးစားပေးလေ့ရှိရာ တောင်ကိုရီးယားဇာတ်ကားများမှာ ကမ္ဘာ့ဈေးကွက်ဝင်ဖြစ်၍ နောက်ခံဇာတ်ဝင်ခန်း အသုံးအဆောင်များမှာ ခမ်းနားမှုရှိခဲ့သဖြင့် ဂျပန်ဒရမ်မာတွင် အသုံးပြုရန် ခက်ခဲလိမ့်မည်ဟုလည်း ဝေဖန်ထားကြသည်။

ကိုရီးယားနှင့် ဂျပန်တို့၏ဇာတ်လမ်းတွဲကို စိတ်ဝင်တစားစောင့်ကြည့်နေသူများက ထွက်ရှိလာမည့်နေ့ကို မျှော်လင့်နေကြသည်။ (SKY)




## Zhao Lusi ပါဝင်သော ဒရမ်မာဇာတ်ကားများ ထိပ်ဆုံးရရှိ

တရုတ်အနုပညာရှင်မင်းသမီး ကျန်းလူဆီ ပါဝင်ထားသည့် ဒရမ်မာဇာတ်ကားများကို နက်ဖလစ် Engagement Report မှ ထုတ်ပြန်ခဲ့ရာ ထိပ်ဆုံးစာရင်းတွင် ပါဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန်းလူဆီပါဝင်သည့် နက်ဖလစ်တွင်ပြသခဲ့သည့် ဒရမ်မာဇာတ်ကား Who Rules the World မှာ ၂၀၂၂ ခုနှစ်အတွက် ထိပ်ဆုံးနံပါတ်တစ်ဖြစ်ခဲ့ကာ Hidden Love မှာ ၂၀၂၃ ခုနှစ်အတွက် ထိပ်ဆုံးစာရင်းဝင်ခဲ့သည်။

နှစ်နှစ်ဆက်တိုက် နက်ဖလစ်ဒရမ်မာဇာတ်ကားများနှင့် ကြည့်ရှုနှုန်းအမြင့်ဆုံးဖြစ်ခဲ့ပြီး I hear You, Love like the galaxy တို့မှာလည်း နိုင်ငံတကာအထိ ပေါက်ရောက်ခဲ့၍ တရုတ်အနုပညာလောကအတွက် မှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။ ကျန်းလူဆီသည် တရုတ်အနုပညာလောက၏ ထိပ်ဆုံးကြယ်တစ်ပွင့်အဖြစ် သတ်မှတ်ခံရသူလည်း ဖြစ်သည်။ (SKY)





## ကြည့်ရှုအားပေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများ အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေးစဉ်။

○ ရှေ့ဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများနှင့်အတူ သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကို အတူတကွစုပေါင်းစိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၈၈၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)

စာမျက်နှာ ၃ သို့ ○

## မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် အိန္ဒိယအမျိုးသမီးလက်ရွေးစင်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျ

**ရန်ကုန် ဇူလိုင် ၁၂**

FIFA International Women Friendly Matches ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် အိန္ဒိယအမျိုးသမီးလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။



မြန်မာအမျိုးသမီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် ဝင်းသီဂီထွန်းက သွင်းယူပေးခဲ့ပြီး အိန္ဒိယအမျိုးသမီးလက်ရွေးစင်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် Pyari XaXa က သွင်းယူပေးခဲ့သည်။

ကျွန်တော်တို့ နှစ်ပွဲကစားရာမှာ ပထမပွဲမှာ အနိုင်ရခဲ့ပြီး ဒီနေ့ပွဲမှာတော့ သရေကျခဲ့ပါတယ်။ ဒီနေ့ပွဲ ပထမပိုင်းမှာ ရာသီဥတုအခြေအနေကြောင့် ခက်ခက်ခဲခဲကစားခဲ့ရပြီး ဒုတိယပိုင်းမှာတော့ မှာကြားထားတဲ့အတိုင်း လိုက်နာပြီး ခြေစွမ်းပြနိုင်ခဲ့သလို အခွင့်အရေးကောင်းတွေလည်း ရခဲ့ပါတယ်။ အထူးသဖြင့် ပွဲပြီးကာနီးမှာ ဂိုးသွင်းခွင့်တွေ အများကြီးရခဲ့ပါတယ်။

တစ်ဂိုးစီ သရေကျခဲ့တာက အကောင်းဆုံးရလဒ်မဟုတ်ခဲ့ပေမဲ့ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုအပေါ်မှာတော့ ကျေနပ်ပါတယ်။ ယူကီတက်ဆူရိ (မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ်)ဟု ပြောသည်။

(NGB)

၀-၀-၀-၀-၀